# ပြည်သူ့နီတိ

# အသိပညာပေးစာမေးပွဲ

# အထောက်အကူပြုအဖြစ်

# ဖတ်မှတ်ရန်

# ကဗျာ၊ ပုံပြင်နှင့်

# ဝတ္ထုစာစု

# (အလယ်တန်း)

## ကိုယ်နှုတ်ယဉ်ကျေးမယ်

ချိုချိုကလေးသုံးပါလို့
ပြုံးပြုံးလေးနေကြမယ်။
ကြမ်းတမ်းစွာဆိုစကားကို
တို့များရှောင်ဖယ်။
ကိုယ်နှုတ်နဲ့မူရာဝယ်
လွန်စွာကွယ်ယဉ်ကျေး။
သည်းခံကာ ဒေါသဝေးအောင်
နေကြမယ်လေး။

**သိန်းသန်းထွန်း**
**(မူလတန်းပြည်သူ့ဂီတစာအုပ်)**

## သစ်တောသစ်ပင်ထိန်းသိမ်းရေး

တောပင်တွေ တော်တော်ခုတ်ကြ
တောပြုတ်လိမ့်နောက်နောင်
တောခုတ်လို့တောပြောင်
မိုးခေါင်တော့မှာပဲ
မိုးခေါင်လို့ ရေမကြွယ်
သဲပင်လယ်ဖြစ်လိမ့်မလွဲ။

**ဆရာဇော်ဂျီ**

# ရပ်ရေးရွာရေးလုပ်အားပေး

ချစ်တဲ့ သူ ရယ် လေ့
သူငယ်ချင်းကောင်း၊ ကျောင်းနေဖက်တို့လေ။
ံုးပိတ်တဲ့ရက်၊ တို့ရပ်ကွက်မှာ၊ ရွှံ့ဗွက်မြေဖို့
ပိတ်ဆို့မြောင်းဖော်၊ တပျော်တပါး၊ တို့လုပ်အား
မြက်ခုတ်ဓားနှင့် ပေါက်ပြားနှင့်။
လုပ်အားပေးတွေ၊ အမောပြေဖို့
စေတနာဖြူဖွေး၊ လာ ပေး
ရေနွေးကြမ်းနှင့်အမြည်းနှင့်။
လမ်းဖို့ရာမှာ၊ လိုရာသုံးစေ၊ လှူတဲ့ငွေ
စေတနာနှင့်မေတ ာနှင့်။
မြောင်းရေစီးသန်ရေမလျှံအောင်
တမံတုပ်သူတုပ်ကြတယ်။
ရေမြောင်းအလယ်၊ အမှိုက်ဆယ်တော့ မျှော့တွယ်ခံရ
ခုန်ဆွဆွမို့၊ ရယ်ကြသူငါ
ပျော်စရာပဲ သူငယ်ချင်း။
တို့လုပ်အားကြောင့်လမ်းများသာယာ
တို့ရပ်ရွာကို လာလည်ပါဦး သူငယ်ချင်း။ ။
(အိုင်ချင်း)

**မောင်ကျေးရှူး**
**ကြေးမုံ ၇၆၂၀၁၄**

# စည်းကမ်း

စည်းကမ်းဆိုတာ   တကယ်သိတော့
အမိသားကောင်းဖြစ်နိုင်တယ်။
နေထိုင်ပြုမူစားသောက်ရေးမှာ
စည်းကမ်းလေးတွေ  ရှိရမယ်။
ပညာသင်ရွယ်ကလေးထဲ  (တည်း)က
လေ့ကျင့်အမြဲပြုရတယ်။
ပြည်သူ့နီတိဆိုစကားက
အများဆောင်ဖို့ကျင့်ဝတ်ကွယ်။
ကိုယ်ကျင့်မူရာစိတ်ယဉ်ကျေးလို့
ကျန်းမာရေးလည်းစုံလင်တယ်။
ဂုဏ်ယူစဖွယ်  မြန်မာ့ဓလေ့မို့
မမေ့ကြဖို့သတိပြုဖွယ်
ပြည်သူ့ချစ်ပန်း  ဖြစ်ရပ်မှန်းလို့
စည်းကမ်းလိုက်နာ  တိုးတက်မယ်
မှတ်ကွယ့်  မှတ်ကွယ်။

**ကြည်ဇော်**
**(မေတ ဂရင်ခွင်ကလေးကဗျာများမှ)**

## သတိနဲ့မေတ ၁

သူရိန်နေမင်း ဝိုင်းစက်စက်
အရှေ့ကျွန်းကထွက်။
ပြုံးပြက်လက်တဲ့ရောင်ခြည်ဟာ
စိတ်ဓာတ်တက်ကြွတာ။
ရဲရင့်စွာ ရပ်လိုက်တော့
သတိ ပေးပါပေ့။
ဦးခေါင်းမော့လို့ ကြည့်စမ်းကွယ်
ညဘက်ကောင်းကင်မယ်။
ငွေရောင်ခြယ်တဲ့ဖိုးလမင်း
မေတ ၁ရောင်ခြည်လင်း။
ရဲရင့်ခြင်းနဲ့ တို့မေတ ၁
ညီထွေးဘာလုပ်မှာ
တိုင်းကားပြည်ရွာသာယာဖို့
အသုံးချမယ်လို့။

**မင်းရွှေမင်း (အင်းစိန်)**

## ရခိုင်ဘုရင်မင်းထီးနှင့် စည်းကမ်း

ရခိုင်ဘုရင်မင်းထီးသည် စည်းကမ်းဥပဒေကို အံ့ချီးဖွယ်သိုသေလိုက်နာသူအဖြစ် ထင်ရှားသည်။

မှူးမတ်စသူတို့သည် ကွမ်းစားပြီးလျှင် နန်းတော်တိုင်များကို အမှတ်မဲ့ထုံးသုတ်လေ့ရှိသည်။ နန်းတော်တိုင်များမှာ ထုံးများဖြင့် ပေကျံနေသည်။

ထိုအခါ မင်းထီးက ''နန်းတော်တိုင်များကို ထုံးမသုတ်ရ၊ သုတ်သည့်လက်များကိုဖြတ်မည်''ဟူ အမိန့်တော်ထုတ်သည်။

တစ်နေ့သ၌ ဘုရင်မင်းထီးကိုယ်တိုင်ပင် ကွမ်းစားပြီးနောက်အနီးရှိ နန်းတော်တိုင်ကို လက်ညှိုးဖြင့်အမှတ်မဲ့ထုံးသုတ်မိလေသည်။ အမတ်တစ်ဦးကမြင်ရာ ထုံးသုတ်ခဲ့သော နေ့၊ ရက်၊ အချိန်နာရီစသည်တို့ကို အသေအချာစာဖြင့် ရေးမှတ်ထားလိုက်သည်။

နောက် (၁၅)ရက်ခန့်ကြာသောအခါ ဘုရင်မင်းထီးသည် မှူးမတ်အစုံအညီဖြင့် ညီလာခံနေစဉ် ထိုထုံးမှတ်ကို မြင်တွေ့သွားသည်။

''သည်တိုင်ကို မည်သူထုံးသုတ်သနည်း''ဟူ မေးမြန်းသည်။

အခြားမှူးမတ်များမသိ မလျှောက်ထားနိုင်။

သည်တွင် မှတ်သားထားသော အမတ်ကထုံးသုတ်မိသူမှာ ဘုရင်မင်းမြတ်ကိုယ်တိုင်ဖြစ်ကြောင်း၊ မည်သည့်နေ့ရက်၊ မည်သည့်အချိန်တွင်သုတ်ကြောင်း တင်လျှောက်သည်။

သေချာစွာ ရေးမှတ်ထားသောစာကိုတင်ဆက်သည်။

ဘုရင်မင်းထီးလည်း ''ဤသို့ဆိုလျှင် ငါပင်စည်းကမ်းဥပဒေကို ကျူးလွန်သူဖြစ်တော့သည်''ဟု မိန့်တော်မူကာ ပရိသတ်ရှေ့မှာပင် မိမိ၏လက်ညှိုးကို သန်လျက်ဖြင့် ဖြတ်လိုက်လေသည်။

မှူးမတ်ပရိသတ်တို့လည်း များစွာအံ့သြချီးမွမ်း ကောင်းချီးပေးကြလေသည်။

**မင်းယုဝေ**

**အနော်ရထာနှင့်တို့ဘိုးဘွားများစာအုပ်မှ**

# ချိုသာစွာပြောဆိုခြင်း

ချိုသာစွာပြောဆိုခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ ကြီးပွားခြင်း၏ အကြောင်း တစ်ရပ်ဖြစ်သည်။

လွန်လေပြီးသောအခါ ဂန္ဓာရတိုင်း၊ တက္ကသိုလ်ပြည်၌နေသောပုဏ္ဏားတစ်ယောက်တွင် နွားတစ်ကောင်ရှိသည်။ နန္ဒိဝိသာလဟု အမည်ပေးထားသည်။ ပုဏ္ဏားသည် ထိုနွားကိုကောင်းသောနေရာ၌ထားသည်။ ကောင်းသောအစာတို့ကိုကျွေးသည်။ သားကဲ့သို့မွေးကျွေးပြုစုစောင့်ရှောက်ထားသည်။ ထို့ကြောင့်နွားသည် ခွန်အားဗလနှင့် အလွန်ပြည့်စုံသည်။

တစ်နေ့သော် နန္ဒိဝိသာလက 'ပုဏ္ဏားသည် ငါ့အားကောင်းစွာပြုစုစောင့်ရှောက် ကျွေးမွေးခဲ့သည်။ ကျေးဇူးကြီးမားလှပေသည်။ ငါပြန်လည်ကျေးဇူးဆပ်မည်'ဟု ကြံစည်သည်။ သို့ဖြင့်ပုဏ္ဏားအား–

''အရှင်ပုဏ္ဏား ဤမြို့ရှိဂေါဝိန္ဒကသူဌေးထံသွားပါ။ ငါ့နွားသည် တစ်စီးနှင့်တစ်စီး တွဲဆက်ထားသော ဝန်အပြည့်ပါသောလှည်းတစ်ရာကို တစ်ကောင်တည်းဆွဲနိုင်သည်ဟုဆို အလောင်းအစားပြုပါ။ အသပြာတစ်ထောင်ကြေးလောင်းပါ။ မုချနိုင်ရပါစေမည်'' ဟုဆို၏။

ပုဏ္ဏားကလည်း ဂေါဝိန္ဒကသူဌေးထံသွား အလောင်းအစားပြု၏။ ချိန်းသောနေ့တွင် ပုဏ္ဏားသည် လောင်းကြေးထပ်သည်။ ထို့နောက် သဲ၊ ကျောက်စရစ်စသည်တို့ကို အပြည့်တင်ထားသော လှည်းတစ်ရာကို နန္ဒိဝိသာလအား ဆွဲစေသည်။ ထိုသို့ဆွဲစေရာ၌ ပုဏ္ဏားသည် နှင်တံကို ကိုင်မြှောက်လျက်–

''ဟဲ့ ကောက်ကျစ်သောနွား၊ သွားလော့။ ဟဲ့ ကောက်ကျစ်သောနွား ဝန်ကို ဆောင်လော့''

ဟုဆို မောင်းနှင်လေသည်။ ထိုအခါ နန္ဒိဝိသာလသည်–

''ငါသည် မည်သည့်အခါမျှကောက်ကျစ်ခြင်းမရှိ။ သို့ပါလျက် ငါ့ကိုကောက်ကျစ်သောနွားဟု ဆိုရာသည်လော''

ဟု မခံမရပ်နိုင်ဖြစ်သည်။

သို့ဖြင့် နေရာကမရွေ့၊ လှည်းတို့ကိုမဆွဲ၊ စုံရပ်သာ နေလေသည်။ ဤတွင် ပုဏ္ဏားရှုံးသွားသည်။ သူဌေးကို အသပြာတစ်ထောင် ပေးလိုက်ရသည်။

အိမ်ပြန်ရောက်သော် ပုဏ္ဏားသည် အသပြာတစ်ထောင်ရှုံးသောကြောင့် စိတ်မချမ်းမသာဖြစ်လျက် အိပ်ရာထဲ၌လဲလျောင်းနေသည်။ နန္ဒိဝိသာလလည်း ပုဏ္ဏားထံချဉ်းကပ် –

''အဘယ်ကြောင့် စိတ်မချမ်းမသာဖြစ်ရသနည်း'' ဟုမေး၏။

''အသပြာတစ်ထောင့်ႏုံးသည်ကို အဘယ်မှာ စိတ်ချမ်းသာနိုင်အံ့နည်း''

''အရှင်ပုဏ္ဏား သင့်အိမ်၌ ငါနေသည်မှာ ကြာလှပြီ။ ငါ့ကြောင့် အိုးတစ်လုံး ကွဲဖူးသလော၊ တစ်စုံတစ်ရာပျက်စီးဖူးသလော''

''ချစ်သား၊ တစ်စုံတစ်ရာ မပျက်စီးဖူးပါ''

''အရှင်ပုဏ္ဏား၊ ငါသည် နေရာမဟုတ်၊ စည်းမဲ့ကမ်းမဲ့ ကျင်ကြီးကျင်ငယ် စွန့်ဖူးသလော''

''ချစ်သား မစွန့်ဖူးပါ''

''အရှင်ပုဏ္ဏား ထိုသို့ဖြစ်လျက် အဘယ့်အကြောင့်ငါ့ကို ကောက်ကျစ်သော နွားဟုဆိုပါသနည်း။ ထို့ကြောင့် ငါသည်စိတ်ဆိုးကာ လှည်းတို့ကိုမဆွဲခြင်းဖြစ်သည်။ သင့်ႏုံးရသည်မှာ သင်၏အပြစ်ဖြစ်သည်။ ငါ့အပြစ်မဟုတ်။ သို့ကြောင့် ယခုတစ်ဖန် သွား လောင်းပါဦး။ သည်အကြိမ်တွင် အသပြာနှစ်ထောင်ကြေးထပ် လောင်းပါ။ မုချနိုင်ပါစေမည်''

ပုဏ္ဏားလည်း သူဌေးဂေါဝိတ ကထံသွား အလောင်းအစားပြုပြန်သည်၊ ချိန်းဆိုသည့်နေ့တွင် ယခင်နည်းတူပင် လှည်းတစ်ရာကိုပြင်သည်။ ထို့နောက် ပုဏ္ဏားသည် နန္ဒိဝိသာလကျောကုန်းကို လက်ဖြင့်သာသပ်ကာ–

''ကောင်းသောနွား သွားလေ့ာ့။ လိမ္မာသောနွား၊ ဝန်ကိုဆောင်လေ့ာ့''ဟု ချိုသာစွာပြောဆိုမောင်းနှင်သည်။

နန္ဒိဝိသာလသည် တစ်ဟုန်ချင်းဖြင့် လှည်းတစ်ရာကို အောင်မြင်စွာဆွဲယူသွား လေသည်။

ပုဏ္ဏားသည် အနိုင်ရသဖြင့် လောင်ကြေးအသပြာ နှစ်ထောင်ကိုလည်းရသည်၊ ထို့အပြင် ဘေးမှဝိုင်းကြည့်နေသော လူအများက နွားကိုသဘောကျလှသဖြင့် ဝိုင်း ချီးမြှောက်ကြသော ဆုငွေများကိုလည်း ရသည်။ ဝမ်းသာအားရမဆုံးရှိသည်နှင့်အမျှ နွားလိမ္မာကြီး နန္ဒိဝိသာလကို ကျေးဇူးတင်မဆုံးလည်း ရှိလေသည်။ ပုဏ္ဏားသည် ယခုအကြိမ်တွင် ချိုသာစွာပြောဆိုသဖြင့် အောင်မြင်ရခြင်း ဖြစ်ပေသည်။

**ကျမ်းကိုး။ ငါးရာ့ငါးဆယ်၊ နန္ဒိဝိသာလဇာတ်**

**မင်းယုဝေ**

**(၃၈–ဖြာ မင်္ဂလာပုံပြင်များစာအုပ်မှ)**

# ကြင်နာသူနှင့်ရက်စက်သူ

တစ်ရံရောအခါ လူနှစ်ယောက်ရှိသည်။ သူတို့တွင် မြင်းတစ်ကောင်စီရှိသည်။ မြင်းများမှာလှပ ကြံ့ခိုင်သန်စွမ်းကြသည်။

သူတို့နှစ်ဦးတွင် တစ်ဦးသည် သနားကြင်နာသောစိတ်ရှိသည်။ တစ်ဦးမှု ရက်စက်ကြမ်းတမ်းသည်။ သနားကြင်နာတတ်သူသည် မြင်းကိုကောင်းမွန်စွာပင် ကျွေးမွေးစောင့်ရှောက်သည်။ လုံးဝ ိုက်နှက်ကန်ကျောက်ခြင်းမပြု။ ချစ်ခင်ကြင်နာစွာဖြင့် ဆက်ဆံသည်။ ရက်စက်သူကမူ ထိုသို့မဟုတ်။ သူ့မြင်းကိုကောင်းစွာကျွေးမွေးစောင့်ရှောက်ခြင်းမပြု။ ကြုံတိုင်းလည်း ိုက်နှက်သည်။ ကန်ကျောက်သည်။

တစ်နေ့သောအခါ သူတို့တိုင်းပြည်ကို အခြားတစ်နိုင်ငံက လာရောက်တိုက်ခိုက်သည်။ သူတို့နှစ်ဦးသည် ဘုရင့်အမိန့်အရ အခြားယောက်ျားများနှင့်အတူ စစ်ထွက်တိုက်ကြရသည်။ သူတို့သည် သူတို့ပိုင်မြင်းများကို ကိုယ်စီစီးလျက်စစ်မြေပြင်သို့ ထွက်ကြသည်။ ရန်သူများနှင့် ရင်ဆိုင်တိုက်ကြသည်။

ရန်သူများ အင်အားသာသဖြင့် သူတို့နှစ်ဦးစလုံးပင် အရေးနိမ့်ကြသည်။ မြင်းပေါ်မှကျကာ ဒဏ်ရာများရကြသည်။ ထိုစဉ် ကြင်နာတတ်သူ၏မြင်းသည် သခင့်ထံပြေးလာသည်။ ဒဏ်ရာကြောင့် မထနိုင်ဖြစ်နေသော သူ့သခင်ကိုခါးလယ်ရှိ ခါးပတ်မှကိုက်ချီကာ စခန်းရှိရာသို့ ပြန်ပြေးလာခဲ့သည်။ သူ့သခင်မှာ ရန်သူ့လက်မှလွတ်ကာ အသက်ချမ်းသာရာရခဲ့သည်။

ရက်စက်သူမှာမူ ဒဏ်ရာမပြင်းလှ။ နေရာမှထကာ သူ့မြင်းထံပြေးသွားသည်။ သို့ရာတွင် သူ့မြင်းကအခါတိုင်းကဲ့သို့ပင် သခင်သည် သူ့အား ိုက်နှက်မည်ထင်ကာ ဒယိမ်းဒယိုင်ပြေးလာသော သခင်ကို အနားအကပ်မခံ။ ခြေထောက်ဖြင့် ကန်ကျောက်ကာ ထွက်ပြေးသွားလေသည်။ ထိုသူသည် မကြာမီပင် ရန်သူ့လက်တွင်းသို့ သက်ဆင်းကျရောက်သွားပေသည်။

**ငွေတာရီ**

**(ကမ္ဘာကျော်အီစွတ်ပုံပြင်များ စာအုပ်မှ)**

# ခြသေ့်နှင့်တောဝက်

အလွန်ပူအိုက် ခြောက်သွေ့သောနွေရာသီနေ့တစ်နေ့တွင် ခြသေ့်တစ်ကောင်တို့သည် စမ်းချောင်းတစ်ခုသို့ ရေသောက်ရန် အသီးသီးဆင်းလာကြလေ၏။

သူတို့သည် စမ်းချောင်းသို့တစ်ပြိုင်နက်ရောက်ရှိကြရာ မည်သူကအရင် ရေသောက်သင့်သည်ကို ငြင်းခုန်ကြ၏။ သို့ငြင်းခုန်ရောမှ တစ်ခဏအတွင်းသတ်ပုတ်ခြင်းကို ရောက်ရလေတော့၏။ သူတို့သည် တစ်ဦးနှင့်တစ်ဦး ဒေါသကြီးစွာဖြင့် သဲသဲမဲမဲကိုက်ခဲသတ်ပုတ်ကြ၏။

သို့သော်များမကြာမီပင် သူတို့သည် မောပန်းလာကြသဖြင့် အသီးသီးရပ်နားကာ အမောဖြေ နေကြလေ၏။ ထိုအခါမှ သူတို့သည် သူတို့နှင့်မနီးမဝေး ကျောက်တုံးတစ်ခုပေါ်၌ နားကာ သူတို့တစ်ဦးဦး၏အသေကို စောင့်နေကြသည့် လင်းတများကိုမြင်မိကြလေ၏။ ထိုငှက်များသည် သူတို့သေဆုံးသောအခါစားသောက်ကြရန် ကြိုတင်စောင့်မျှော်နေကြခြင်း ဖြစ်တော့၏။

ထိုအခြင်းအရာသည် သူတို့၏အမျက်ဒေါသကို ငြိမ်းစေ သတိတရားဝင်လာလေ၏။ ထို့ကြောင့် သူတို့သည် ''ငါတို့ကား တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားခြင်းဖြင့် အကျိုးမရှိပါ။ နောက်ဆုံး၌ လင်းတတို့၏အစာသာဖြစ်ကြကုန်ရာ၏။ သို့ဖြစ်ရခြင်းထက် ငါတို့နှစ်ဦးသားမိတ်ဆွေအဖြစ် သင့်မြတ်စွာ နေရခြင်းက ကောင်းသေးတော့သည်''ဟုဆိုကာ ရန်ဖြစ်ခြင်းမှ ရပ်စဲလိုက်ကြလေသတည်း။

**ငွေတာရီ**

**(ကမ္ဘာကျော်အီစွတ်ပုံပြင်များ)**

## မာန်တက်သောမြင်း

တစ်ခါသော် သူဝတ်ဆင်ရသော ကကြိုးတန်ဆာများအတွက် မာန်တက်လျက်ရှိသော မြင်းတစ်ကောင်သည် မြည်းတစ်ကောင်နှင့်လမ်းပေါ်တွင် ဆုံမိကြလေ၏။ မြည်းသည် သယ်ဆောင်လာရသော ဝန်ထုပ်ဝန်ပိုးများ၏လေးလံမှုကြောင့် နှေးကွေးစွာသာ လျှောက်သွားနိုင်လေသည်။

ထိုအခါ မြင်းသည် သူသွားမည့်လမ်းကို ပိတ်ဆို့ရပါမည်လောဟု ကြိမ်းမောင်းပြောဆိုကာ မြည်းလွန်မြောက်သွားသည်အထိ မစောင့်ဆိုင်းနိုင်အောင် ဖြစ် နေလေ၏။ သူသည် မြည်းအား အမြန်သွားရန် ကန်ကျောက်လွှတ်လိုသည့်စိတ်ကို အနိုင်နိုင်ချုပ်တည်းထားရလေသည်။

သို့ရာတွင် မြည်းသည်ကား သည်းခံလျက်သာသွား၏။ သူ့စိတ်တွင်း၌မူ မြင်း၏စော်ကားမှုကို မမေ့နိုင်တော့ချေ။ သို့ဖြင့် ကာလအတန်ကြာသော် မြင်းသည် အပင်ပန်းမခံနိုင်တော့သောဘဝကို ရောက်လာလေ၏။ ထိုအခါ သူ၏သခင်သည် သူ့အား လယ်သမားတစ်ဦးသို့ ရောင်းချလိုက်လေ၏။

တစ်နေ့သောအခါ သူသည် နွားချေးလှည်းတစ်စီးကို ဆွဲလာစဉ်ယခင်က အခင်းဖြစ်ပွားဖူးသော မြည်းနှင့် တွေ့ဆုံလေ၏။ မြည်းသည် သူ့ကိုမြင်သော်သရော်သော်အားဖြင့် ရယ်မောလျက် ''အိုမာနကြီးသော မိတ်ဆွေကြီး၊ သင်သည် ဤအဖြစ်မျိုးသို့ ရောက်ရလိမ့်မည်ဟု လုံးဝတွေးမိခြင်းမရှိသည်မဟုတ်ပါလော။ ယခုမူ သင်၏လှပခန့်ညားသော ကကြိုးတန်ဆာတို့သည် အဘယ်သို့ ရောက်လေကုန်ပြီနည်း''ဟု ပြောင်လှောင်မေးမြန်းလိုက်လေသတည်း။

**ငွေတာရီ**

**(ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှ)**

# ဆင်သားအမိနှင့် လူနှစ်ယောက်

တစ်ရံရောအခါ တောအုပ်တစ်ခု၌ ဆင်အများနေထိုင်သည်။ ထိုဆင်များထဲတွင် ဆင်သားအမိနှစ်ကောင်မှာ ထူးခြားသည်။ သားဖြစ်သူ ဆင်ကလေးမှာ နုပျိုသန်စွမ်းသည့်အပြင် ဆင်ဖြူဖြစ် အလွန်လှတင့်တယ်သည်။ မိခင်ဆင်မကြီးမှာမူ အိုမင်းမစွမ်းရှိသည်သာမက မျက်စိလည်းမမြင်ရှာပေ။

ဆင်ဖြူကလေးသည် လိမ္မာ မိဘကျေးဇူးကိုနားလည်သူဖြစ်သည်။ ထို့ကြောင့် မျက်မမြင်မိခင်ကြီးကို အစွမ်းကုန်ပြုစုစောင့်ရှောက်သည်။ မျက်မမြင်မိခင်အိုကြီးမှာ အစာရှာဖွေစားသောက်ခြင်းမပြုနိုင်ဘဲရှိရာ ဆင်ဖြူကလေးကပင် အစာရှာဖွေကျွေးမွေးသည်။

ဤသို့အစာရှာဖွေကျွေးမွေးစဉ် မကြာခဏပင် ဆင်ဖြူကလေးယူဆောင်လာသောအစာများကို အခြားဆင်များက စားသောက်ပစ်တတ်ရာ မိခင်အိုမှာအစာဝလင်စွာ မစားရရှာပေ။ ထို့ကြောင့် ဆင်ဖြူကလေးက မိခင်အိုကြီးအတွက် ရှာဖွေယူဆောင်လာသောအစာများကို စားသောက်ခြင်းမပြုရန် အခြားဆင်များကို တောင်းပန်ပြောဆို၏။ သို့ရာတွင်ဆင်များက ဆင်ဖြူကလေးစကားကိုမနာယူကြ။ အတင်းပင်လုယူစားသောက်ကြသည်။ ကြာသော် ဆင်ဖြူကလေးမှာ သည်းမခံနိုင်ဖြစ်လာသဖြင့် မိခင်အိုကြီးကိုခေါ်ကာ ဆင်အများနှင့်ဝေးရာ ဂူတစ်ခုတွင် သွားရောက်နေထိုင်လေသည်။

ဆင်သားအမိ နေထိုင်ရာဂူမှာ ကောင်းမွန်သည်။ အနီးတွင်ရေကန်တစ်ခုလည်းရှိသည်။ သီးပင်ဝါးပင်များလည်းရှိသည်။ ဆင်ဖြူကလေးမှာ ကောင်းစွာအစာရှာဖွေနိုင်သည့်ပြင် မျက်မမြင်မိခင်အိုကြီးကိုလည်း ဝလင်စွာကျွေးမွေးပြုစုနိုင်လေသည်။ ထိုနေရာသို့ရောက်မှ ဆင်သားအမိမှာ စိတ်အေးချမ်းသာနေနိုင်လေသည်။

ထိုသို့အေးချမ်းစွာ နေထိုင်လာရာမှာ တစ်နေ့သောအခါ ဆင်ဖြူကလေးသည် လူသားတစ်ယောက်၏ အော်သံကိုကြားရသည်။ ဆင်ဖြူကလေးက ''အမေ အော်သံကြားရတယ်။ လူတစ်ယောက်ရဲ့ အော်သံဖြစ်မှာပဲ။ သူ့ခမျာ ဘေးဒုက္ခကြုံတွေ့နေဟန်တူတယ်''ဟု ပြောဆိုသည်။

ဆင်မကြီးက ''ဟုတ်တယ် ငါ့သား လူရဲ့ အော်သံပဲ။ ဒါပေမဲ့ လူကိုတော့ အဝေးကရှောင်ပါကွယ်။ လူတွေက ကျေးဇူးလည်းမသိဘူး။ ရက်လည်းရက်စက်တယ်။ သူတို့ ဘယ်လိုဒုက္ခတွေ့တွေ့ ကယ်ဖို့စိတ်မကူးနဲ့ငါ့သား''ဟု ပြန်လည်ပြောဆိုသည်။

ဆင်ဖြူကလေးမှာ လွန်စွာသနားကြင်နာတတ်သူဖြစ်သည်။ မိခင်ဆင်မကြီးက ဤသို့တားမြစ်ပြောဆိုသော်လည်းမနာယူ။ အော်သံကြားရာအရပ်သို့ မိခင်မသိအောင် တိတ်တဆိတ်သွားရောက်ကြည့်ရှုလေသည်။

ထိုအခါ ရေကန်အနီးတွင် လူတစ်ယောက် အော်ဟစ်ညည်းတွားလျက်ရှိသည်ကို တွေ့ရသည်။

ဆင်ဖြူကလေးက ထိုသူအား ''အဆွေ သင်ဘာကြောင့် အော်ဟစ်ညည်းတွားနေပါသလဲ''ဟု မေးမြန်းသည်။

ထိုသူက ''အဆွေ ဆင်ဖြူ ငါတောထဲမှာမျက်စိလည်လမ်းမှားနေတာ (၇) ရက်ရှိပြီ။ အစာလည်း ကောင်းကောင်းမစားရဘူး။ ငါမြို့ ငါ့ရွာကိုလည်း ဘယ်လိုပြန်ရမှန်းမသိဘူး။ ငါ့ကို သနားရင်ကယ်ပါ။ ကျေးဇူးပြုပြီး လမ်းပြပေးပါ''ဟု တောင်းပန်ပြောဆိုသည်။

ဆင်ဖြူကလေးသည် ထိုသူအား သစ်သီးများခူး ကျွေးမွေးသည်။ ထို့နောက် သူ၏ကျောပေါ်သို့ တက်စေကာ မြို့ရွာသို့သွားရာလမ်းအနီးသို့ ရောက်သည် အထိ ခေါ်ဆောင်ပို့ပေးလိုက်လေသည်။ ထိုသူသည် ဆင်ဖြူကလေးအား ကျေးဇူးစကားဆိုကာ မြို့ရွာသို့အေးချမ်းစွာ ထွက်ခွာသွားလေသည်။

ဆင်ဖြူကလေးသည် မိခင်ရှိရာဂူသို့ ပြန်သွားကာအကျိုးအကြောင်းပြောပြသည်။ ''အမေ ကျွန်တော်ဒုက္ခရောက်သူကို ကယ်ခဲ့တယ်။ သည်အတွက် ကျွန်တော် ဝမ်းသာကြည်နူးလို့မဆုံးပါဘူး''ဟု ပြောဆိုလေသည်။

ဤသို့ကယ်ဆယ်ပြီး မကြာမီပင် ဆင်ဖြူကလေးမှာ ကြမ္မာဆိုးဝင်လာလေသည်။

ဆင်ဖြူကလေး ကယ်လိုက်သူသည် မြို့တော်သို့ရောက်ရှိပြီး မကြာမီပင် ဘုရင်၏ဆင်ဖြူတော်မှာ သေဆုံးသွားလေသည်။ ဘုရင်လည်း ဆင်ဖြူကိုအလိုရှိသဖြင့် မြို့ရွာအနှံ့ ရှာဖွေစေသည်။ သို့ရာတွင်ဆင်ဖြူတစ်ကောင်မှ မတွေ့ပေ။ ထိုအခါ ဘုရင်က ဆင်ဖြူရရှိအောင် ဆောင်ကြဉ်းပေးနိုင်သူကို ဆုငွေများစွာပေးသနားမည်ဟု ကြေညာလေသည်။

ဆင်ဖြူကလေး ကယ်လိုက်သူမှာ လူကောင်းမဟုတ်ပေ။ လောဘကြီးသူဖြစ်သည်။ သူ့ကျေးဇူးကိုမသိသူဖြစ်သည်။ သူက ဘုရင့်အား အလွန်လှပတင့်တယ်သောဆင်ဖြူကလေးတစ်ကောင်ကို မိမိတွေ့ရှိခဲ့ကြောင်း၊ ထိုဆင်ဖြူကျက်စားရာအရပ်ကို မိမိသိရှိကြောင်း၊ ဆင်ဖမ်းသမားများနှင့် သွားရောက်ဖမ်းဆီးပါက မုချရရှိမည်ဖြစ်ကြောင်း၊ ထိုအရပ်သို့ မိမိကဦးဆောင် လမ်းပြပေးမည်ဖြစ်ကြောင်း လျှောက်ထားသည်။

ဘုရင်လည်း ဝမ်းသာအားရပင် ထိုသူနောက်သို့ ဆင်ဖမ်းသမားများကို ထည့်လိုက်သည်။ မကြာမီသူတို့သည် ရေကန်အနီး၌ အစာရှာနေသော ဆင်ဖြူကလေးကို တွေ့ရှိကြသည်။ ချက်ချင်းပင် ဝိုင်းဝန်းဖမ်းဆီးရာ ဆင်ဖြူကလေးကို ဖမ်းဆီးရမိလေသည်။ ဆင်ဖြူကလေးမှာ ထိုသူတို့လက်တွင် ‌နှမ်းကန်လှုပ်ရှားရင်းမှ ဝမ်းနည်းကြေကွဲဆုံးဖြစ်မိရှာသည်။

''ငါဟာ ငါ့အမေစကားကို နားမထောင်လို့ ဒီလိုဖြစ်ရတာပဲ။ ကျေးဇူးကန်းတဲ့ ဒီလူမိုက်ကို မကယ်မိရင် အကောင်းသား။ အခုတော့ သူ့ကို ငါကယ်မိလို့ တို့သားအမိ ဒုက္ခရောက်တာပဲ။ ငါမရှိရင် ငါ့အမေမျက်မမြင်ကြီးဟာ ဘယ်လိုအစာရှာပါ့မလဲ။ အစာမရှာနိုင်ရင် မကြာခင်အစာငတ်ပြီး သေရှာတော့မှာပဲ''

သည်လိုတွေးတောရင်း ဆင်ဖြူကလေးသည် ဆင်သမားများခေါ်ဆောင်ရာ မြို့တော်သို့ ပါသွားရှာလေသည်။

ဘုရင်သည် ဆင်ဖြူကလေးကိုမြင်တွေ့သောအခါ ဝမ်းသာအားရမဆုံး ဖြစ်မိသည်။ ယခင်ဆင်များနှင့်မတူ ယခုဆင်ဖြူကလေးမှာ ပိုမိုဖြူဖွေး လှပသည်။ ထို့ကြောင့် သူသည် ဆင်ကလေးကယ်ခဲ့သည့် ကျေးဇူးကန်းသူ သူမိုက်အား ဆုငွေများ ပေးသနားသည်။ ထို့နောက် ဆင်ဖြူကလေးအား ကောင်းမွန်သောနေရာ၌ထားကာ ကောင်းမွန်သောအစာများ ကျွေးမွေးစေသည်။

ဤသို့နေရာကောင်းတွင်ထား အစာကောင်းများကု ကျွေးမွေးသော်လည်း ဆင်ဖြူကလေးကား ဝမ်းမသာ မပျော်ရွှင်။ မျက်မမြင်မိခင်အိုကြီး၏ ဒုက္ခကိုမြင်ယောင်ကာ ပူဆွေးသောက ရောက်နေရှာသည်။ ထို့ကြောင့် သူသည်အစာကို လုံးဝမစားဘဲ တမှိုင်မှိုင် တတွေတွေနှင့်သာ ရှိနေရှာသည်။

ရက်အတန်ငယ်ကြာသော် ဘုရင်သည် ဆင်ဖြူကလေးကိုစီးကာ မြို့ကိုလည့်ရန်ပြင်ဆင်သည်။ သို့သော် သူသည်ဆင်ဖြူကလေထံပါးသို့ သွားရောက်သည်။ ထိုအခါ ဆင်ဖြူကလေးမှာ ပိန်ချုံးညှိုးငယ်လျက် နေမကောင်းထိုင်မသာ ရှိနေသည်ကို တွေ့ရသည်။ ဤတွင် ဘုရင်ကြီးက ''အို ဆင်ဖြူကလေး၊ သင့်ကို ငါ အကောင်းဆုံးနေရာမှာထားပြီး အကောင်းဆုံးအစာကို ကျွေးစေခဲ့ပါတယ်။ အခုသင်ဘာဖြစ်နေပါသလဲ။ ငါထားတဲ့ နေရာမကောင်းလို့လား။ ငါကျွေးတဲ့အစာတွေက မကောင်းလို့လား။ သင်အလိုရှိရာကို ပြောပါ။ ငါဆောင်ကြဉ်းပေးပါ့မယ်''ဟု မေးမြန်းပြောဆိုသည်။

ထိုအခါ ဆင်ဖြူကလေးက ငိုယိုကာ အကြောင်းစုံ ပြောပြသည်။ ''အရှင်မင်းမြတ်၊ ကျွန်တော်မျိုး မျက်မမြင်မိခင်အိုကြီးထံပါးကိုသာ ပြန်လိုပါသည်။ ကျွန်တော်မျိုး မရှိရင် မိခင်အိုကြီးဟာ သေဆုံးသွားရတော့မှာပဲ'' ဟူ တောင်းပန်ပြောဆိုသည်။

ဘုရင်ကြီးမှာ စိတ်ထားမြင့်မြတ် သနားကြင်နာတတ်သူ ဖြစ်သည်။ အမိ၏

ကျေးဇူးကို သိတတ်သော ဆင်ဖြူကလေးကို လေးစားကြည်ညိုခြင်းဖြစ်မိသည်နှင့် အမျှ သူတို့သားအမိကိုလည်း သနားကြင်နာမိသည်။ ထို့ပြင် ကျေးဇူးကန်းသော သူမိုက် ကိုလည်း စက်ဆုပ်မိသည်။

သို့ဖြင့် ဘုရင်ကြီးသည် ကျေးဇူးကန်းသော လူမိုက်ကိုပြစ်တင်ရှုတ်ချကာ ဆင်ဖြူကလေးကို အနှောင်အဖွဲ့မှ လွှတ်လိုက်သည်။ သူ၏မိခင်ရှိရာသို့ ဘေးမသီ ရန်မခ ပြန်နိုင်ရန် လိုက်လံပို့ဆောင်ပေးလေသည်။

ဆင်ဖြူကလေးသည် ဘုရင်ကြီးအားရှိခိုးပြီးလျှင် မိခင်ထံပါးသို့ ပြေးသွားသည်။ ကံအားလျော်စွာပင် မိခင်အိုကြီးမှာ အစာငတ်သော်လည်း အသက်မသေ။ ကောင်းစွာ ရှိနေသည်ကို တွေ့ရသည်။

ဆင်ဖြူကလေးသည် အကြောင်းစုံကို မိခင်အိုကြီးအား ပြောပြသည်။ သို့ ပြောပြရာမှ ''အမေ လောကမှာ လူသားတိုင်း မရက်စက်ပါဘူး။ ကျေးဇူးမကန်းပါဘူး'' သားကို ဖမ်းမိအောင်မကောင်းကြံစည်တဲ့ ကျေးဇူးကန်းတဲ့ သူမိုက်မျိုးရှိသလို ဘုရင် ကြီးလို သနားကြင်နာတတ်တဲ့ သူမျိုး၊ စိတ်ထားမြင့်မြတ်တဲ့သူမျိုး၊ ကိုယ်ချင်းစာ တရားရှိတဲ့သူမျိုးလည်း ရှိပါတယ်''ဟု ပြောဆိုရာ မိခင်ဆင်မကြီးက အားရနှစ်သက် ဟန်ဖြင့် ခေါင်းတညိတ်ညိတ်ပြု နေလေသည်။

မြန်မာပုံပြင်

**မင်းယုဝေ**

**(အာရှပုံပြင်များစာအုပ်မှ)**

## တာဝန်ကိုလေးစားသော ဝန်ကြီးဗညားကျန်းတော

တစ်နေ့၌သာလွန်မင်းတရားကြီး၏ ဝန်ကြီးဖြစ်သူ ဗညားကျန်းတောသည် စစ်ကိုင်းတွင် ညဥ့်နက်အောင်နေပြီးနောက် အင်းဝသို့ပြန်လာခဲ့သည်။ ရောက်သောအခါ မာန်အောင်တံခါးသို့လာ မိမိ၏အမှုထမ်းတစ်ဦးအား ဟစ်အော်ပြောစေသည်။

''ဝန်ကြီး စစ်ကိုင်းကပြန်ရောက်လာသည်။ တံခါးတော်ကိုဖွင့်''

တံခါးမှူးသည် စည်းကမ်းရိုသေသူဖြစ်သည်။ တာဝန်သိတတ်သူဖြစ်သည်။ ထို့ကြောင့်သူက–

''သန်းခေါင်အချိန်ရောက်လာသော သန်းခေါင်ဝန်ကြီးမျိုးကို ငါမတွေ့ဖူးဘူး။ အချိန်မဲ့ဝင်လိုလျှင် မြို့ဝန်ထံမှစာခံ ပြလှည့်ပါ''

သည်တွင် ဗညားကျန်းတောက ဝင်ရောက်ပြောဆိုသည်။

''ငါဝန်ကြီးရောက်လာသည်ကို နင်အဘယ့်ကြောင့် တံခါးမဖွင့်သနည်း''

''သင်သည် ဝန်ကြီးအင်္ဂါနှင့်မညီ။ သွားစဉ်ကပင် ငါမည်သည့်အချိန်ရောက်လာမည်။ ရောက်လာလျှင် တံခါးဖွင့်ဟုသော်လည်း မှာထားရာသည်။ သို့မဟုတ် စောစောကတည်းက လူလွှတ်ပြောသင့်သည်။ ယခုမူ သွားစဉ်ကလည်း မသိရ။ အမှာအထားလည်းမရှိ။ ဝန်ကြီးအင်္ဂါနှင့်မညီ ဝန်ကြီးဟုတ်မည်မထင်။ ဤသို့စည်းမဲ့ကမ်းမဲ့ဖွင့်ပေးက သူပုန်သူကန်တို့ ဝန်ကြီးယောင်ဆောင် ဝင်လာသော် အကျိုးမယုတ်ပါလော။ မဖွင့်နိုင်ပါ''

ဗညားကျန်းတောသည် ထိုမာန်အောင်တံခါးမှဝင်နိုင်။ အောင်ထွန်းတံခါးသို့သွားရသည်။ အောင်ထွန်းတံခါးမှူးကား အစစ်အဆေးမရှိ။ ဝန်ကြီးလာသည်ဆိုလျှင်ပင် အလွယ်တကူဖွင့်ပေးလိုက်လေသည်။

နံနက်လင်းသောအခါ ဗညားကျန်းတောသည် စည်းကမ်းရိုသေသော၊ တာဝန်သိသော၊ မာန်အောင်တံခါးမှူးကို ခေါ်ချီးကျူးသည်။ ဆုလာဘ်ပေးသည်။ အောင်ထွန်းတံခါးမှူးကိုကား 'ပေါ့လျော့လှသည်'ဟုဆိုကာ အပြစ်တင်လေသည်။

**မင်းယုဝေ**

**အနော်ရထာနှင့် ဘိုးဘွားများစာအုပ်မှ**

## မိတ်ဆွေနှစ်ဦး

တစ်ခါသော် မိတ်ဆွေနှစ်ဦးသည် ခရီးတစ်ခုကိုအတူသွားကြသည်။ လမ်းခရီးတွင် တောအုပ်တစ်ခုကို ဖြတ်သန်းသွားရမည်ဖြစ်သည်။ ထိုတောမှာ သားရဲတိရစ္ဆာန်ထူပြောသည်ဟု ကြားသိရသည်။

ထို့ကြောင့် ပထမမိတ်ဆွေကအဖော်ဖြစ်သော ဒုတိယမိတ်ဆွေအား ''အဆွေ၊ သည်တောမှာ သားရဲတိရစ္ဆာန်ထူပြောသည်ဟု ကြားရသည်။ ဘေးရန်ပေါ်လျှင် သင့်နှင့်ငါ တစ်ဦးကိုတစ်ဦး ကူညီမှုဖြစ်မည်။ ငါ့တွင် ဘေးရန်ကျရောက်လျှင် သင်ကကူပါ။ သင့်တွင် ဘေးရန်ကျရောက်လျှင်လည်း ငါကကူမည်''ဟု ဆို၏။ ကတိပြု၏။

''ကောင်းပါပြီ''ဟု ဒုတိယမိတ်ဆွေကလည်းကတိပြု၏။

ထို့နောက် သူတို့နှစ်ဦးသည် အောအုပ်ကိုဖြတ်သန်းလာကြသည်။ တောအုပ်အလယ်သို့ ရောက်သောအခါ ဝက်ဝံကြီးတစ်ကောင်ခပ်လှမ်းလှမ်း တစ်နေရာမှ သူတို့ထံ ရန်ပြုရန်ပြေးလာသည်ကို တွေ့ရသည်။

ဒုတိယမိတ်ဆွေက ''အဆွေ ဘာမျှမစိုးရိမ်လင့်။ သင်နှင့်ငါ နှစ်ဦးပေါင်းတိုက်ခိုက်လျှင် ဝက်ဝံကိုအလွယ်တကူနိုင်ရမည်'' ဆိုကာ လက်ထဲတွင် ပါလာသောတုတ်ကိုကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။

သို့ရာတွင် ပထမမိတ်ဆွေမှာ ဝက်ဝံကိုမတိုက်ဝံ့။ ကတိပြုခဲ့သည်ကိုလည်း မလိုက်နာ။ ကိုယ်လွတ်ရုန်းကာ ထွက်ပြေးသည်။ အနီးရှိ သစ်ပင်တစ်ပင်ပေါ်သို့ ပြေးတက်နေလိုက်သည်။

ဒုတိယမိတ်ဆွေမှာ အဖော်မရှိသဖြင့် ဝက်ဝံကိုတိုက်ရန် ကြီးစွာအခက်ကြုံသွားသည်။ သူသည် ခြေမကိုင်မိ၊ လက်မကိုင်မိဖြစ်သွားသည်။ သို့သော် ချက်ချင်းအကြံရသွားသည်။ တုတ်တရက်မြေပေါ်သို့ ဝမ်းလျားမှောက်လှဲချလိုက်သည်။ အနီးသို့ ဝက်ဝံရောက်လာသောအခါ အသက်မရှူဘဲ အောင့်ထားသည်။ လူသေဟန်ဆောင်နေလိုက်သည်။

ဝက်ဝံသည် ဒုတိယမိတ်ဆွေအနီးသို့ရောက်လာသည်။ ထိုသူ၏မျက်နှာကို နှာခေါင်းဖြင့်နမ်းကြည့်သည်။ ဒုတိယမိတ်ဆွေသည် တုတ်တုတ်မျှမလှုပ်။ ငြိမ်သက်နေသည်။ ထိုသူ၏မျက်နှာကို နှာခေါင်းဖြင့် နမ်းကြည့်သည်။ ဝက်ဝံသည် လူသေထင်မှတ်ကာနေရာမှ ထွက်ခွာသွားလေသည်။

ဘေးရန်ကင်းသောအခါ ဒုတိယမိတ်ဆွေသည် နေရာမှလူးလဲထပြီးလျှင် ခရီးဆက်မည်ပြုသည်။ ထိုစဉ် ကိုယ်လွတ်ရုန်းသောပထမ မိတ်ဆွေသည် သစ်ပင်ပေါ်မှဆင်းလာသည်။

''အဆွေ သင့်ကို ဝက်ဝံကတစ်စုံတစ်ရာ ဘေးရန်မပြု။ အနီးသို့ချဉ်းကပ်စကားပင်တီးတိုးပြောသွားသေးသည်။ ဘာပြောသွားပါသနည်း''ဟု မေးမြန်းသည်။

ထိုအခါ ဒုတိယမိတ်ဆွေက ‘‘အရေးကြုံလျှင် အားမကိုးရ၊ ကိုယ်လွတ်ရုန်း တတ်သောသစ်ပင်ပေါ်မှ သင့်လိုမိတ်ဆွေမျိုးကိုရှောင်ပါ။ မပေါင်းသင်းပါနှင့်ဟူ ဝက်ဝံက ငါ့အားသတိပေးသွားပါသည်’’ဟု ပြန်လည်ပြောကြားလိုက်လေသည်။

**မင်းယုဝေ**

**ကမ္ဘာကျော်အီစွတ်ပုံပြင်များစာအုပ်မှ**

## အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးခြင်း

အမိအဖတို့ကို ကောင်းစွာလုပ်ကျွေးခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်။ တစ်နည်းအားဖြင့် ကြီးပွားခြင်း၏အကြောင်းရင်းတစ်ရပ်ဖြစ်သည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌လုလင်ပျိုတစ်ယောက်ရှိသည်။ သူသည် အမိအဖတို့ကို လွန်စွာချစ်ခင်မြတ်နိုး၏။ နတ်သိကြားကဲ့သို့ အမှတ်ပြု ိုသေစွာလုပ်ကျွေး၏။ ပြုစုစောင့်ရှောက်၏။ ထို့ကြောင့်ထိုလုလင်သည် မာတုပေါသက ပိတုပေါသကဟူ အမည်တွင်လေသည်။

တစ်နေ့သောအခါ ထိုလုလင်သည် အမိအဖတို့ကို ချမ်းသာစွာထားနိုင်ရန် အခကြေးငွေရလို သင်္ဘောဖြင့်စွန့်စားလိုက်ပါလေသည်။ ထိုသင်္ဘောသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)သို့ဆိုက်ကပ်သည်။ ထိုအချိန်မှာ သီဟိုဠ်ကျွန်း၌ သဲမိုးတို့အဆက်မပြတ်ရွာကာ လူအများအတိဒုက္ခရောက်နေကြသည်။ လယ်ယာစိုက်ခင်းများပျက်စီးကြသည်။

သီဟိုဠ် (သီရိလင်္ကာ)မင်းလည်း သဲမိုးရွာသောကပ်မှ လွတ်မြောက်ရန်မည်သို့ပြုရမည်ကို သမားဖြူ သမားညိုတို့ကိုခေါ် မေးမြန်းသည်။

သမားဖြူ သမားညိုတို့က–

''အရှင်မင်းကြီး ဤသဲမိုးရွာသောကပ်သည် အလွန်ထူးခြားသောသစ ၥကိုပြုလျှင် ပျောက်ပါလိမ့်မည်''

ဟူ လျှောက်တင်ကြသည်။

''အဘယ်သစ ၥကို အဘယ်သူအားပြုစေရမည်နည်း''

ဟူ မင်းကမေးမြန်း၏။

''အရှင်မင်းကြီး အမိအဖတို့ကို နတ်သိကြားကဲ့သို့ယူမှတ် လုပ်ကျွေးသောသူကို သစ ၥပြုစေရပါမည်''

ဟူ သမားဖြူ သမားညိုတို့က လျှောက်၏။ မင်းကလည်း–

''အမိအဖတို့ကို နတ်သိကြားကဲ့သို့ ယူမှတ် ိုသေစွာလုပ်ကျွေးသူကို များစွာဆုလာဘ်ပေးမည်။ မောင်းခတ် ရှာလေ''

ဟူ အမိန့်တော်ရှိ၏။

မှူးမတ်တို့ကလည်း မောင်းကြေးနင်းခတ် ရှာကြသည်။ တစ်ပြည်လုံးတွင် တစ်ယောက်မျှမရှိ။ အခက်တွေ့နေကြသည်။ ထိုအခါ မာတုပေါသကပိတုပေါသက လုလင်သည် သင်္ဘောထက်ကနေ –

''အိုအချင်းတို့၊ ငါသည်အမိအဖတို့ကို နတ်သိကြားကဲ့သို့ ယူမှတ် ိုသေစွာလုပ်ကျွေးသူတည်း''

ဟုလှမ်းအော်ပြောသည်။

မှူးမတ်တို့ကလည်း မင်းကြီးအား ထိုအကြောင်းကို လျှောက်ထားသည်။ ထိုအခါ မင်းကြီးက–

''ထိုသူကိုခေါ် သစ္စာဆိုစေလော့''

ဟူ မိန့်တော်မူလိုက်သည်။

မှူးမတ်တို့သည် လုလင်ထံသွား သူတို့၏ ဒုက္ခကိုပြောပြကြသည်။ ထိုဒုက္ခမှ လွတ်မြောက်အောင် သစ္စာဆိုပါရန်လည်း ပန်ကြားကြသည်။ ထိုအခါ မာတုပေါသက ပိတုပေါသကလုလင်လည်း သဘော်ဦးသို့တက်ပြီးလျှင်–

''ငါသည် လူလားမြောက်ကာ သိမြင်လိမ္မာသည်မှစ၍ အမိအဖနှစ်ပါးတို့၏ ကျေးဇူးကို အောက်မေ့ဆင်ခြင်ခဲ့သည်။ ကြည်ညိုမြတ်နိုးမဆုံးရှိခဲ့သည်။ ထို့ကြောင့် အမိအဖနှစ်ပါးတို့ကို မငတ်မွတ်၊ မနွမ်းနယ်စေရန် အိမ်ဦးနတ်ကဲ့သို့လည်းကောင်း၊ သိကြားမင်း၊ ဗြဟ္မာမင်းကဲ့သို့လည်းကောင်း အမှတ်ထား ိုသေစွာလုပ်ကျွေးမွေးမြူ သူမှန်ပါသည်။ ဤသစ္စာအတိုင်းမှန်ပါက ဤသဲမိုးသည် ချက်ချင်းရပ်ပါစေသတည်း။ ဤသဲမိုးရပ်သဖြင့် ပြည်သူပြည်သား၊ မင်း၊ မှူးမတ်၊ ပုဏ္ဏား၊ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်မှစ၍ သတ္တဝါအားလုံး ချမ်းသာကြပါစေသတည်း''

ဟူ သစ္စာပြုသည်။

ထိုသို့သစ္စာပြုသော ခဏမှာပင် သဲမိုးသည်ရပ်လေ၏။ အားလုံးချမ်းသာရာ ရကြလေသည်။

ထိုအခါ မင်းနှင့်တကွ မှူးမတ်၊ ပုဏ္ဏား၊ သူကြွယ်၊ ကုန်သည်၊ လယ်လုပ်မှစ၍ ပြည်သူပြည်သားတို့သည် လုလင်အား များပြားလှစွာသော ပစ္စည်းဥစ္စာတို့ဖြင့် ပူဇော်ကြသည်။

လုလင်သည် ထိုပစ္စည်းဥစ္စာတို့ကို သဘော်ငါးစင်းဖြင့်တင် အိမ်သို့ပြန်ခဲ့သည်။ ရောက်သော်အမိအဖတို့အား အကျိုးအကြောင်းပြောပြကာ ရရှိသောပစ္စည်းများဖြင့် ပူဇော်လေသည်။ သူတို့သုံးဦးသည် ဒါနကောင်းမှုစသည်များကိုပြု ချမ်းမြေ့စွာ နေထိုင်သွားကြလေသည်။ ကွယ်လွန်သောအခါ နတ်ပြည်သို့လားကြလေသတည်း။

ကျမ်းကိုး– မင်္ဂလာသာရ ဒီပနီကျမ်းမူဟောင်း (၁၉၂၀ ပြည့်နှစ်)၊ ပုသိမ်မြို့ ဇမ္ဗူမင်္ဂလာသတင်းစာ၊ ဓာတ်စက်ပုံနှိပ်တိုက်)

**မင်းယုဝေ**

## သည်းခံစိတ်

တစ်နေ့သ၌ လူတစ်ယောက်အား ဘုရင်က သူ၏အရည်အချင်းကို ကြားသိရသဖြင့် မင်းမှုထမ်း၊ အရာရှိတစ်ဦးအဖြစ် ခန့်အပ်မည်ဖြစ်ကြောင်း အကြောင်းကြားသည်။

ထိုအခါ သူ၏ရင်းနှီးသော မိတ်ဆွေတစ်ဦးသည် သူ့ထံလာရောက်သည်။

''အဆွေ သင်မင်းမှုထမ်းအရာရှိ လုပ်ကိုင်မည်ဆိုလျှင် အချက်တစ်ချက်ကို သတိပြုရန် ကျွန်ုပ်မှာကြားလိုပါသည်။ အလုပ်တာဝန်ကို ထမ်းဆောင်စဉ်သည်းခံစိတ်ကို အမြဲထားပါ''ဟု ပြောဆိုသည်။

ထိုအခါ မင်းမှုထမ်းအရာရှိလောင်းက ''အဆွေ၊ စိတ်ချပါ သည်းခံစိတ်ကိုကား အကျွန်ုပ်ထားရှိနိုင်ပါသည်''ဟု ပြောကြား၏။

ဤတွင် မိတ်ဆွေဖြစ်သူက ''အဆွေ သည်းခံစိတ်ထားပါ။ သည်းခံစိတ်ကို အမြဲနှလုံးသွင်းပါ''ဟု ဒုတိယအကြိမ် ပြောဆို၏။ ထိုသို့ ဒုတိယအကြိမ်ပြောဆိုမှုဖြင့် အားမရဘဲ သည်းခံစိတ်ထားရန် သုံးကြိမ်တိုင်ပြောဆိုသတိပေး၏။

မင်းမှုထမ်း အရာရှိလောင်းကလည်း သုံးကြိမ်တိုင်ပင် ခေါင်းညိတ် သည်းခံစိတ်ထားမည်ဖြစ်ကြောင်း ကတိပေးပြောဆိုသည်။ ဤတွင် သူ့မိတ်ဆွေကသည်းခံစိတ်ထားရန် စတုတ အကြိမ် ပြောဆိုပြန်၏။

ဤအကြိမ်တွင်ကား မင်းမှုထမ်းလောင်းသည် ဒေါသထွက်ကာ ''အဆွေ သင်ကား ကျွန်ုပ်ကိုလူမိုက်၊ လူဆိုးဟာ ထင်နေသလော။ သည်းခံစိတ်ထားရန် အချက်ကလေးကို အဘယ်ကြောင့် အကြိမ်ကြိမ်သတိပေး၊ ပြောဆိုနေသနည်း''ဟူ ပြန်လည်ပြောဆို၏။

ဤတွင် သူ၏မိတ်ဆွေက ''အဆွေ၊ သည်းခံစိတ်ထားရန် မလွယ်ပါ။ အခြားကိစ များကို မဆိုထားနှင့်၊ ကျွန်ုပ်က သင့်အားစေတနာဖြင့် သည်းခံစိတ်ထားရန် စတုတ အကြိမ် ပြောဆိုမှုဖြင့် သင်သည်သည်းမခံနိုင်။ အမျက်ဒေါသ ဖြစ်နေပြီတကား''ဟူ သက်ပြင်းချ ပြောဆိုလိုက်လေသည်။

**မင်းယုဝေ**

**(ပုံပြင် ၁၀၀ စာအုပ်မှ)**

## ပုံဆွဲဆရာ

မင်းထင်သည် သတ မတန်းကျောင်းသားတစ်ယောက်ဖြစ်သည်။ သူသည် ပန်းချီဝါသနာပါသည်။ ထို့ကြောင့် တစ်ပတ်တစ်ကြိမ် ပန်းချီသင်ချိန်ရောက်လျှင် သူအလွန်ပျော်၏။ သူတို့ကို ပန်းချီသင်ပေးသော ဆရာဦးမောင်မောင်ကြီးမှာ အသင်အပြကောင်းသည်နှင့်အမျှ စည်းကမ်းကြီးသည်။

ထိုနေ့က ပန်းချီချိန်တွင် ပန်းစိုက်ထားသော ပန်းအိုးတစ်အိုးကို ကျောင်းသူကျောင်းသားများအား ကူးဆွဲစေသည်။ ကြိုက်သည့်ဆေးကိုအသုံးပြုခွင့်ပေးရာ အများစုကခဲတံဖြင့် ရေးကြသော်လည်း မင်းထင်က Water Colour ခေါ် ရေဆေးနည်းနှင့် ရေးဆွဲခဲ့သည်။ သူက ကျွမ်းကျင်သူဆိုတော့ စောစောပြီး သွားသည်။ တခြားသူတွေကဆက် ရေးဆွဲနေကြတုန်း။

သူက ဒီအတိုင်းထိုင်မနေချင်။ ပုံဆက်ဆွဲချင်နေသည်။ သို့သော် သူရသော ပုံဆွဲစက ္ကူတစ်ရွက်ကလည်း ပန်းအိုးပုံရေးလိုက်သဖြင့် ပြည့်သွားပြီ။ သူတွင် ပုံဆွဲစက ္ကူအပိုမရှိ။ သိပြီ။ သူ့စာရေးရာ စားပွဲစောင်းတွင် ရေးမည်။ ဘာပုံရေးရကောင်းမလဲ။ ရေရှည်မစဉ်းစားရ။ စားပွဲခုံတွင်ထိုင်ကာ စာအုပ်တစ်အုပ်ဖတ်နေသော ဆရာဦးမောင်မောင်ကြီး၏ ပုံတူကို ကူးဆွဲမည်။ ဦးမောင်မောင်ကြီးပုံပန်းသဏ္ဍာန်က ပန်းချီရေးကောင်းသည်။ ထိပ်ပြောင်ပြောင်နှာခေါင်းပွပွ နားရွက်ကားကား။

သူက ဦးမောင်မောင်ကြီးပုံကို စားပွဲစောင်းမျက်နှာပြင်ပေါ်မှာပင် ရေဆေးစုတ်တံဖြင့် ရေးခြယ်နေသည်။

''အချိန်စေ့ပြီ''

ဟု ဆရာအသံထွက်ပေါ်လာ၏။ ကျောင်းသားတွေက ပုံဆွဲရပ်ကာ၊ သူတို့ပုံဆွဲစာရွက်တွေကို ဆရာ့စားပွဲပေါ်သွားတင်ကြသည်။ မင်းထင်ကလည်း သူ့ပုံကိုသွားတင်သည်။

''ဘာလုပ်နေကြတာလဲ''

ဟုဆရာက လှမ်းအော်လိုက်သည်။ မင်းထင်က ကြည့်လိုက်သောအခါ သူ့စားပွဲတွင် ကျောင်းသားတွေအုံနေတာ တွေ့ရ၏။ တစ်ယောက်က–

''ဒီမှာပန်းချီကားတစ်ကား ဆရာ''

''ဘယ်သူရေးထားတာလဲ''

''မင်းထင်''

''ဘာပုံလဲ''

''ဆရာ့ပုံပါ ဆရာ''

ဆရာကတိုးသွားကာ ပုံကို ကြည့်လိုက်၏။

''ကျွန်တော့်လက်ရာ ဘယ်လိုနေလဲဆရာ''

မင်းထင်က အနားရောက်လာကာ မေးလိုက်သည်။ ဆရာကပြုံးကြည့်ကာ

''မဆိုးပါဘူး။ ဒါပေမဲ့''

''ဘာ ဒါပေမဲ့လဲဆရာ''

''မင်းကျောင်းစည်းကမ်းကို သေသေချာချာ သိတယ်မဟုတ်လား။ ကျောင်းပိုင် ပရိဘောဂကျောင်းသုံးပစ ္စည်းတွေကို မပျက်စီးအောင် မညစ်ပတ်အောင် စောင့်ရှောက်ရမယ်ဆိုတာလေ''

မင်းထင်က ဝန်ခံလိုက်သည်။

''ဟုတ်တရက် ကျွန်တော်မေ့သွားတယ်''

ဆရာ ဦးမောင်မောင်ကြီးက–

''ဒါဆို မင်းဘာလုပ်ရမယ်ဆိုတာလည်း သိတယ်ပေါ့''

''သိပါတယ်ဆရာ၊ ကျွန်တော်ခုံကို ကျွန်တော် သန့်ရှင်းရေလုပ်လိုက်ပါ့မယ်''

မင်းခုံတစ်ခုံတည်း မဟုတ်ဘူးမင်းထင်။ မင်းကိုဒဏ်ပေးတဲ့အနေနဲ့ တစ်တန်း လုံးမှာရှိတဲ့ခုံတွေကို သန့်ရှင်းရေးလုပ်ရမယ်။ မုန့်စားကျောင်းဆင်းတဲ့အချိန်၊ မင်းသူများ တွေလိုမဆင်းဘဲ ဒီအလုပ်လုပ်ရမယ်''

အခုတော့ မင်းထင်ငြင်းဆန်မရတော့။ ကျောင်းမုန့်စားကျောင်းဆင်းသောအခါ မင်းထင်သည် ရေတစ်ပုံးနှင့်အဝတ်စုတ်တစ်ခုကို ယူကာ တစ်တန်းလုံးရှိစားပွဲနှင့် ကုလား ထိုင်များကို သန့်ရှင်းရေးလုပ်ရသည်။ မောလည်းမောသည်၊ ဆာလည်းဆာသည်။ ကျောင်းပြန်တက်တော့ သူ့ကိုဦးမောင်မောင်ကြီးက ဆရာများနားနေခန်းသို့ ခေါ်သည်။ ပြီးတော့ ကော်ဖီနှင့်မုန့်ကို တိုက်ကျွေးရင်း

''လူဆိုတာ စည်းကမ်းလိုက်နာမှု ရှိရမယ်။ ကျောင်းသားလည်း ကျောင်းစည်း ကမ်း၊ ဈေးသည်လည်းဈေးသည်စည်းကမ်း၊ စစ်သားလည်းစစ်သားစည်းကမ်းပေါ့ကွာ။ စည်းကမ်းမလိုက်နာရင် လူ့အဖွဲ့အစည်းဟာ ပျက်စီးမှာပဲ။

မင်းထင်က မုန့်စားရင်း သေသေချာချာနားထောင်နေသည်။

''မင်းဟာ ပုံဆွဲတော်ပါတယ်။ စက ္ကူပေါ်မှာ ဆွဲတဲ့ပုံကိုပြောတာ။ ကိုယ့်ဘဝ ကို ကိုယ်ပုံဆွဲရာမှာလည်း ပုံဆွဲဆရာကောင်းတစ်ယောက်ဖြစ်အောင် ငါက လေ့ကျင့် ပေးတာပဲ။ လောကမှာ စည်းကမ်းရှိတဲ့သူ တာဝန်သိတတ်တဲ့သူဖြစ်မှ တန်ဖိုးရှိတဲ့သူ ဖြစ်မှာကွ''

မင်းထင်သဘောပေါက်သွားသည်။ မိမိဘဝကို မိမိလှပအောင် ရေးဆွဲနိုင်သည့် ပုံဆွဲဆရာကောင်းတစ်ယောက်ဖြစ်အောင် သူကြိုးစားသွားမည်ဟု ဆုံးဖြတ်လိုက်လေ သည်။

**သစ ၇နီ**

## သိုးကျောင်းသားလုလင်၏မေတ္တာ ၁

သိုးကျောင်းသားလုလင် မောင်ချစ်ခင်ကို တစ်ရွာလုံးက ခင်မင်ကြ၏။ သိုးကျောင်းသားမောင်ချစ်ခင်သည် သိုးလေးများကို ရွာအပြင်၌ထိန်းကျောင်းခဲ့၏။ တစ်ခါတစ်ခါ တောစပ်အနီး၌သိုးလေးများကို ထိန်းကျောင်းခဲ့၏။ တစ်ခါတစ်ခါ တောအဝင်မြက်ခင်းပြင်၌ ထိန်းကျောင်း၏။ သိုးကျောင်းသားလေး မောင်ချစ်ခင်သည် ပလွေလေးကိုမှုတ်ကာ တေးတစ်ပုဒ်ကိုဆိုကာနှင့် သိုးလေးများကိုထိန်းကျောင်းခဲ့၏။ သိုးလေးများလည်း ပျော်ကြ၏။ မောင်ချစ်ခင်လည်း ပျော်၏။

သိုးလေးများကို မောင်ချစ်ခင်သည်သနား၏။ ယုယ၏။ ကောင်းစွာပြုစုလျက်ထိန်းကျောင်း၏။ သိုးလေးများကလည်း မောင်ချစ်ခင်ကို ကြင်နာအားထားကြလေသည်။ ရွာသို့ညချမ်းတွင် မောင်ချစ်ခင်နှင့်သိုးလေးများ ပြန်ရောက်ကြပါပြီ။ တစ်ရွာလုံးကလည်း ချစ်ခင်ကြင်နာစွာ ကြည့်ကြိုဆိုကြပါပြီ။ ထိုည၌သိုးလေးများလည်း ကောင်းစွာ အိပ်စက်ကြလေပြီ။ သိုးကျောင်းသားလုလင် မောင်ချစ်ခင်လည်း ကောင်းစွာအိပ်စက်နိုင်လေပြီ။ သိုးကျောင်းသားလုလင်မှာ မေတ္တာ ၁ရှင်ဖြစ်ပါ၏။

ဤသိုးကလေးများမှာ အကောင်အားဖြင့် တစ်ရာကျော်၏။ သိုးလေးများကို မောင်ချစ်ခင် မပိုင်ချေ။ ဤသိုးလေးများကို ပိုင်သူမှာ သူဌေးကြီးဦးတုတ်ဖြစ်ပေ၏။ သိုးကျောင်းသားအဖြစ် မောင်ချစ်ခင်ကို ခန့်ထားခြင်းဖြစ်၏။ တစ်လလျှင် ၁၀ ကျပ်ပေး၏။ ထမင်းကျွေး၏။ မောင်ချစ်ခင်သည် ပေးသည်ကိုဘာမှသတိမထား။ သူချစ်သောသိုးလေးများကို ပြုစုထိန်းကျောင်းရသည်ကိုပင် ကျေနပ်ပျော်ရွှင်နေပါပြီ။ သိုးကျောင်းသားလုလင်၏မေတ္တာ ၁မှာ ကြီးမြတ်ပေ၏။

တစ်နေ့နံနက်၌ အိမ်တွင်ရှိသော သိုးငယ်လေးများကို မတွေ့ရ။ မောင်ချစ်ခင်လည်းလိုက်ရှာ၏။ ဘယ်ကိုသွားကြပါသနည်း။ ဘယ်သူယူ သွားခဲ့ပါသနည်း။ မောင်ချစ်ခင်သည် ကြင်နာစွာဖြင့် ရှာပါလေ၏။ သို့သော်မတွေ့ရ။

ထိုအခါ သူဌေးကြီးဦးတုတ်က အလွန်စိတ်ဆိုး၏။ ဆူပူပြောဆို၏။

''ဟေ့ မောင်သိုးကျောင်းသားလုလင် ဘာကြောင့် ငါပိုင်တဲ့သိုးဆယ်ကောင်ပျောက်ခဲ့ရပါသလဲ။ တွေ့နိုင်ရင်တွေ့၊ မတွေ့နိုင်ရင် ငါ့သိုးတွေကို မင်းကျောင်းစရာမလိုတော့ဘူး။ ငွေတစ်ရာလည်းပေးရမယ်။ သူကြီးကိုတိုင်ပြီး အပြစ်ပေးရမယ်''

သိုးကျောင်းသားလုလင် မောင်ချစ်ခင်သည် သူ့အား ဆူပူသည်ကိုလည်း ဝမ်းမနည်း။ ငွေတစ်ရာပေးရမည့်အတွက်လည်း အားမငယ်။ ပျောက်သွားသော သိုးကလေးများအတွက်သာ သူသည် ကြင်နာလျက် စိတ်ထိခိုက်ခဲ့၏။ ထို့ကြောင့် တစ်နေ့

လုံးတောထဲသို့ဝင်၏။ တောင်ပေါ်သို့တက်၏။ သိုးကလေးများ ဘယ်ရောက်နေကြပါ သလဲ။ ဤသို့ဖြင့် မိုးချုပ်သည်အထိ သိုးလေးများကို ရှာမတွေ့။

မောင်ချစ်ခင်သည် ရွာသို့လည်း ပြန်မရောက်နိုင်သေး။ တောထဲမှလည်း ထွက်မရ။ မိုးကြီးပင်ချုပ်ခဲ့၏။ ထိုအခါ မောင်ချစ်ခင်သည် သစ်ပင်တစ်ပင်အောက်၌ ထိုင်ကာ အောက်ပါမေတ္တာသုတ်ကို တစ်ညလုံးရွတ်လေ၏။

''အမိသည် မိမိရင်သွေးဖြစ်သော တစ်ယောက်တည်းသောသားငယ်ကို အသက်အတွက်ကြောင့် အဖန်တလဲလဲစောင့်ရှောက်သကဲ့သို့ ဤနည်းအတူသာလျှင် ခပ်သိမ်းသော သတ္တဝါတိုင်း၌ အတိုင်းအဆမရှိသော မေတ္တာစိတ်ကိုပွားများစေရာ၏။''

မောင်ချစ်ခင်သည် တစ်ညလုံးမေတ္တာသုတ်ကိုရွတ် နေရှာလေ၏။ ဤသို့ဖြင့် မောင်ချစ်ခင်သည် ခေတ္တ အိပ်ပျော်သွားလေ၏။

မောင်ချစ်ခင်သည် ရုတ်တရက်နိုးလာ၏။ ဟော နေထွက်လာပါပြီ။ ကြည့်ကြပါဦး။ ပျောက်သွားသော သိုးလေးများသည် သိုးကျောင်းသားလုလင်၏ဘေး၌ ခုန်လျက်ပြေးလျက်ရှိကြ၏။

မောင်ချစ်ခင်သည် အလွန်ပျော်သဖြင့် မျက်ရည်ပင်ကျလေ၏။ သူခိုးတစ် ဦး နောက်၌ ပါသွားသော သိုးလေးအားလုံးသည် မောင်ချစ်ခင်၏ရှေ့သို့ လွတ်လပ်စွာ ပြန်လည်ရောက်လာကြပါပြီ။ သိုးကျောင်းသားလုလင်၏မေတ္တာကား ငြိမ်းချမ်းပြည့်စုံခဲ့ပါလေ၏။

**ပျဉ်းမနားမောင်နီသင်း**

## အနီရောင်လေယာဉ်ပျံကလေး

''ဂျစ်ကောင်''

အာခေါင်ခြစ် လှမ်းခေါ်လိုက်သည်။ အန်တီလေးအသံကြောင့် သူတော်တော့်ကို တုန်လှုပ်ချောက်ချားသွားသည်။ တကယ်တော့ သူ့အမည်က ချစ်အောင်။ သို့သော်လည်း အန်တီလေးကတော့ သူ့အပေါ်အလိုမကျ။ ဒေါသထွက်သည့်အခါတိုင်း ချစ်အောင်အစား ဂျစ်ကောင်ဟု ခေါ်လေ့ရှိသည်ဆိုတော့ တစ်ခုခုတော့ တစ်ခုခုပါပဲ။ တံမြက်စည်းစာအကျွေးခံရဖို့ သေချာသလောက် ရှိပြီဟု သူတွေးထင်မိသည်။

အေးလေ၊ သူကိုယ်တိုင်ကလည်း ကောင်းတာမှမဟုတ်ဘဲ။ ဘယ်သူမပြုမိမိမှုပဲပေါ့။ ပေးလာသမျှအပြစ်ဒဏ်ကို ခေါင်းငုံ့ခံ ပဲရှိတော့မည်။

ကံကောင်းမလိုလိုနှင့် ဒီနေ့တွက်ပီကံမကောင်းဘူးဆိုသည့် ဘူတာပဲဆိုက်ရောက်တော့မှာပါလား။

ညနေကျောင်းလွှတ်ပြီး သူစိတ်ပျက်လက်ပျက် လေးလံသောခြေလှမ်းများဖြင့် အိမ်ပြန်အလာ အိမ်ပေါ်လှမ်းတက်တက်ချင်း အန်တီလေး၏မီးဖိုချောင်ဘက်မှ လှမ်းခေါ်သံစူးစူးကို သူကြားလိုက်ရခြင်း ဖြစ်သည်။

''ဂျစ်ကောင် လာစမ်း ဒီကို''

မနက်တုန်းကတော့ ပြုံးပြုံးပျော်ပျော်။

နေခြည်နုနုနှင့်အတူ မင်္ဂလာရှိသောနေ့တစ်နေ့ဟု သူထင်ခဲ့သည်။ ထင်လည်းထင်လောက်စရာပါပဲ။ အလွယ်တကူနှင့် ဝင်ငွေဖြောင့်ခဲ့သည်မဟုတ်လား။ သူလမ်းထိပ်ရှိ ဖော်ကြီးတို့အိမ်အသွားမှာ သူတို့မျက်စောင်းထိုးအိမ်မှ ကြီးကြီးမေနှင့်ဆုံသည်။ ကြီးကြီးမေလက်ထဲမှာ သပြေခက်နှင့်ဆီးခက်နှင့်။

''ချစ်အောင်ရေ သားလေးလာစမ်းပါဦး။ ဟောဒီသပြေခက်နဲ့ ဆီးခက်ကို အိမ်က ဘဘကြီးဆီ သွားပေးပေးစမ်း၊ ကြီးကြီးမေ ဈေးဘက်သွားစရာရှိလို့''

''ဟုတ်ကဲ့''

ကြီးကြီးမေလှမ်းပေးသော သပြေခက်နှင့်ဆီးခက်ကို ကမ်းယူရင်း သူ့အကြံတစ်ခု ချက်ချင်းရလိုက်သည်။ ဟုတ်သည် ခပ်တည်တည်ဖြင့် အကြံအဖန်လုပ်မည်ဟု စိတ်ကူးရင်း ကြီးကြီးမေတို့အိမ်သို့လာခဲ့သည်။ အိမ်ရှေ့ရောက်တော့ လူခေါ်ခေါင်းလောင်းကြိုးကိုဆွဲသည်။ ကြီးကြီးမေ၏ယောက်ျားဖြစ်သူ ဘဘကြီးထွက်လာတော့ လက်ထဲကပစ ည်းတွေကမ်းပေးရင်း

''ကြီးကြီးမေ ပေးခိုင်းလိုက်တာပါ။ ပိုက်ဆံနှစ်ရာပါပေးလိုက်တဲ့''

ဘဘကြီးက လူ့ိုးလူအေးဆိုတော့ ဘာမျှစစ်ဆေးမေးမြန်းခြင်းမရှိဘဲ

''အေးကွာ ခဏ''

ဆိုပြီး အိမ်ထဲဝင်ကာ ပိုက်ဆံနှစ်ရာတန် တစ်ရွက်ကိုယူပြီး သူ့ကိုကမ်းပေးသည်။ လန်းပြီပေါ့။ ဟာ ဟန်ကျလိုက်လေခြင်း။ ဒီလိုဆိုတော့လည်း ပိုက်ဆံရပေါက်ကလွယ်လွယ်လေးပါပဲ။ နည်းနည်းပါးပါး လိမ်ရညာရတာလောက်ပဲ ရှိသည်။

ဒါလည်း ဘယ်သူသိတာမှတ်လို့ အရေးကြီးတာက သူလိုအပ်နေတာငွေတစ်ထောင်ကျပ်ကို ခပ်မြန်မြန်ရအောင်စုဖို့ပဲ ဖြစ်သည်။ ဟုတ်သည်။ သူလောလောဆယ်ငွေတစ်ထောင်ကျပ် အပူတပြင်းလိုအပ်နေသည်။ သူအင်မတန်လိုချင်နေသည့် အနီရောင်ဂျက်လေယာဉ်ပျံလှလှလေးကို ဒေါ်တုတ်မစတိုးဆိုင်မှဝယ်ရန်အတွက်ပါပဲ။ ဒေါ်တုတ်မကလည်း ထိုလေယာဉ်ပျံကို တစ်ထောင်ကနေ တစ်ပြားမှမလျှော့ဘူးဆိုတော့ သူ့အနေနှင့် ငွေတစ်ထောင်အမြန်ဆုံး ပြည့်အောင် ရှာကြံဖို့သာရှိတော့သည်။ သူ့မှာ သူများတကာတွေလို လက်ဖြန့်တောင်းစရာ အဖေလည်းမရှိ၊ အမေလည်းမရှိ၊ တစ်ကောင်ကြွက်တစ်မျက်နှာ။ သူငယ်စဉ်ကတည်းက ကားမှောက်သည့်အထဲ အဖေရောအမေပါ ပါဝင်ကွယ်လွန်သွားခဲ့ကြသဖြင့် မပြောပါနှင့်တော့။ အန်တီလေး သားသမီးတွေနှင့် မတည့်အတူနေခဲ့ရသမို့ အနှိမ်မခံရအောင် အနိုင်ကျင့်မခံရအောင် သူခပ်စွာစွာနေလာခဲ့ရသည်။ ဤသို့မလုပ်လျှင် ဒီကောင်တွေ သူ့ကိုအုပ်စုနှင့်ဝါးချသွားကြလိမ့်မည်။

ဒါကိုပဲ အများစုက ဘုမသိဘမသိဖြင့် သူ့ကိုဆိုးပေတဲ့။ မိုက်တီမိုက်ကန်းကောင်တဲ့။ သူကိုယ်တိုင်က ဂျစ်တစ်တစ် မိုက်တိုက်တိုက်စတိုင်မို့ အန်တီလေးပင် သူ့ကို 'ချစ်အောင်' မခေါ်ဘဲ 'ဂျစ်ကောင်'ဟုခေါ်ခဲ့တာ ဘာဆန်းမလဲ။

ဂျစ်ကောင်တဲ့။ ဝါးဟားဟား ခေါ်ချင်သလောက်ခေါ်လိုက်စမ်း။

++++

ဟင် ...

သူ့ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားပြီးထင်ရသည်။

သွားပြီ။ မစားရက်မသောက်ရက် ကုပ်ကုပ်ခြစ်ခြစ် ခိုးဝှက်တိုလျှိုစုဆောင်းထားခဲ့သမျှသွားပြီ။ တစ်ပြားတစ်ချပ်မျှမရှိတော့။ အားလုံးပြောင်ပြီ။

တစ်ကောင်ကောင် ခေါင်းတုံးပေါ် ထိပ်ကွက်သွားတာဖြစ်မည်။ သူခိုးလက်ကသူဝှက်တိုသွားတာဖြစ်မည်။ သေချာသည်။ သူ့ငွေရှစ်ရာကို သင်္ချာစာအုပ်အဖုံးထဲသေသေချာချာထည့်ခဲ့သည်။ သူ့သင်္ချာစာအုပ်ကို ဂျာနယ်အဖုံးဖြင့် ဖုံးထားသည့်အတွက် ဘယ်သူမျှမသိမမြင်အောင် အဲဒီစာအုပ်အဖုံးကြား လုံလုံခြုံခြုံထည့်သိမ်းထားခဲ့သည်။

နေ့လယ်မုန့်စားဆင်းချိန် မတိုင်မီကပင် သူတိတ်တဆိတ် ခိုးကြည့်လိုက်မိသေးသည်။ ရှစ်ရာတိတိ။ ငါးရာတန်တစ်ရွက်ရယ်၊ နှစ်ရာတန်တစ်ရွက်ရယ်။ တစ်ရာတန်ခပ်နွမ်းနွမ်းတစ်ရွက်ရယ်၊ အားလုံးကိုပြားချပ်နေအောင် ဖြန့်ကာ ထပ်ထည့်ထားတော့

သင်္ချာစာအုပ်က ဖောင်းကားပြီးလည်း မနေပါဘူး။ ၊ တ်တရက်ကြည့်လိုက်ရင် ပိုက်ဆံရှိ မှန်းဘယ်သူမှမရိပ်မိနိုင်ပါဘူး။

တစ်ခုပြောစရာရှိသည်က သူကလည်းသူပါပဲ။ မနေနိုင်မထိုင်နိုင်ဖြစ်ကာ မကြာ ခဏစာအုပ်အဖုံးကို ဟဟပြီးကြည့်မိခြင်းဖြစ်သည်။ ဒါကိုတစ်ယောက်ယောက်က မြင် မိသွားတာလည်း ဖြစ်နိုင်သည်။ ဖိုးထောင်ဆိုတဲ့ကောင်ပဲဖြစ်လေမလား။ မိုက်တီးဆိုတဲ့ ကောင်ပဲဖြစ်လေမလား။ တစ်ယောက်ယောက် လက်ချက်ဖြစ်ဖို့ သေချာသည်။

အဲဒီပိုက်ဆံပါတဲ့ သင်္ချာစာအုပ်ကို ကျောပိုးအိတ်ထဲတခြားစာအုပ်တွေကြား သေသေချာချာထည့်ခဲ့ရက်သားနဲ့ ဖြစ်ရလေခြင်း။

လက်ပူးလက်ကြပ်မမိတော့ ပြောဖို့ခက်သား။

ကိုယ့်အပြစ်ပါပဲလေဟု သူ့စိတ်ကိုသူပြန်ဖြေသည်။ ဖြေသော်လည်းမရ။ တစ် ထောင်ပြည့်ဖို့ လက်တစ်ကမ်း နှစ်ရာပဲလိုတော့သည်။ ငွေရှစ်ရာကြီးများတောင်။ ဒီရှစ် ရာရအောင် ဘယ်လောက်ကြံဖန်ခဲ့ရသလဲ။

နှမြောလိုက်တာ။ သွားပြီ။ အနီရောင်လေယာဉ်ပျံကလေးနှင့် ဝေးပြီပေါ့။

တကယ်တော့ ဤငွေထဲမှ ငါးရာကိုအန်တီလေးအလစ်မှာ အန်တီလေးပိုက်ဆံ အိတ်ထဲက လှစ်ခနဲခိုးခဲ့ခြင်းဖြစ်သည်။ တစ်ရာကတော့ ထုံထုံအအ ဘိုမဆိုသည့် ကောင်မလေးဆီက။ နှစ်ရာကတော့လား။ မနက်ကပင် ကြီးကြီးမေယောကျ်ားဆီက ခပ်တည်တည် ကြံဖန်လိမ်လည်ယူခဲ့တာမို့ ပူပူနွေးနွေးပင်ရှိသေးသည်။ ဟုတ်ပါသည်။ တကယ့်ကို ပူပူနွေးနွေးလေးမှ ပူပူနွေးနွေးလေး။

နေ့လယ်မုန့်စားဆင်းတော့ အောင်မင်းတို့ သူရတို့အုပ်စုနှင့် ဘောလုံးပင် အလောင်းအစား ကန်ကြသေးသည်မဟုတ်လား။ နှစ်ရာကြေး။ ပိုက်ဆံပါမလာဘူးဆို တာကိုပင် ကျောင်းဆင်းမှပေးလည်းရတယ်ဆိုလို့ လောဘတက်ပြီး အသေအလဲဘော လုံးပြိုင်ပွဲနွှဲမိသည်။

အဲဒီအချိန်မှာ အခိုးခံလိုက်ရတာပဲဖြစ်မည်။

ဒီနေ့ကံမကောင်းပါဘူး။ ပိုက်ဆံနှစ်ရာလိုချင်ဇောနှင့် ဘောလုံးကန်လိုက်ရာ သူနှင့်ကစားဖက်စိုးအောင်ညံ့လို့ ကပ်ရှုံးသွားသည်။ ဒီအတွက် လောင်းကြေးစားကြေး နှစ်ရာပေးဆပ်ရဦးမည်။ ဖွတ်မရစားမဆုံး။ အခုတော့ ဘယ်လိုပေးရတော့မလဲ။ ဘယ်မှာ လဲငွေ။ အောင်မင်းနှင့်သူရတို့၏ 'မညစ်နဲ့ချစ်' ဆိုပြီး ဆော်ပလော်တီးတာခံရဖို့ပဲ ရှိ တော့သည်။

ဒါကြောင့် သူအကြီးအကျယ် ညစ်နေသည်။

စိတ်တစ်ခြမ်းမက တစ်ခုလုံးကိုညစ်လို့။

ဒီလိုနှင့် ညနေကျောင်းဆင်းချိန်ရောက်ခဲ့သည်။ ခေါင်းလောင်းသံပင် ခါတိုင်းလို မချိုတော့။ အကုသိုလ်များ ဝင်ပုံပြောပါသည်။

+ + + +

အောင်မင်းနှင့် သူရတို့ကိုတော့ ငွေကြေးငွေနှစ်ရာကို မနက်ဖြန်မှယူကွာဟု အမျိုးမျိုးမျက်နှာချိုသွေးကာ ရှိုးမတတ်တောင်းပန်ခဲ့ရသည်။ ဒါတောင်အဲဒီကောင်တွေက သိပ်ကျေနပ်ကြတာမဟုတ်ဘူး။ မျက်စောင်းတခဲခဲနဲ့ ဗျစ်တောက်ဗျစ်တောက်နဲ့။

''မနက်ဖြန်နော် ငချစ်''

''လူလည်မကျနဲ့ မရရင်တော့အသိပဲ''

နှစ်ပြားမတန်အောင် ကြိမ်းသွားကြသေးသည်။ ကိုယ်ကိုယ်တိုင်ကတော့ နှစ်ပြားမတန်လို့လား။

ဘာပဲဖြစ်ဖြစ် လောလောဆယ် တစ်ပူတော့ ငြိမ်းသွားတာပေါ့ဟု သူတွေးကာ ရင်ထဲက အလုံးတစ်လုံးကျသွားသည်။

သို့သော်သူ့စိတ်ထဲ တော်တော်တော့ လေးနေသည်။

နေ့းကွေးလေးလံသည့် ခြေလှမ်းများဖြင့် သူအိမ်သို့ ခေါင်းငိုက်စိုက်နှင့် ပြန်လာသည်။

လမ်းပေါ်တွေ့သမျှ ခဲလုံးလေးတွေကို ထိုးကန်ရင်းပေါ့။

အိမ်မရောက်ခင် ခပ်လှမ်းလှမ်းမှပင် သူတို့အိမ်ပေါ်က ဆင်းလာသည့် ကြီးကြီးမေဆိုသည့် အဘွားကြီးကို မြင်လိုက်ရသည်။

''ဟိုက် ရင်ထဲထိတ်ခနဲ ဖြစ်သွားသည်။ သူ့ခင်ပွန်းဘဘကြီးဆီက ခပ်တည်တည်ဖြင့် ငွေနှစ်ရာကျပ် မလိမ့်တစ်ပတ် လိမ်ညာတောင်းသွားသည့်အကြောင်း၊ နှစ်ပေါက်တစ်ပေါက် လက်တစ်လုံးခြား လုပ်သွားသည့်အကြောင်း အန်တီလေးကို လာတိုင်တာဖြစ်နိုင်သည်။ ရွာရန်ရွာနှုန်းကိုးဆယ် ဖြစ်နိုင်သည်။

အန်တီလေး သူ့ကိုအပီကိုင်တော့မှာ သေချာသည်။ အန်တီလေးက လက်ကျကောင်းပါဘိ။

ခုတစ်လော အန်တီလေး သူ့အပေါ်မကြည်လင်ဘဲ အုံ့ဆိုင်းမှိုင်းညို့နေတာနဲ့ တော့အံကိုက်ပဲ ထင်ပါရဲ့။

တစ်ပူပေါ် နှစ်ပူဆင့်ပါပေါ့။ ကြောက်စိတ်တွေ တိုးပွားလာသည်။

မှားပြီ မှားပြီ။

ခိုးရဝှက်ရတာ ဘာကောင်းသလဲ။ လိမ်ရညာရတာ ဘာကောင်းသလဲ။

ကိုယ့်ပိုက်ဆံရှစ်ရာ အခိုးခံရတော့ နှမြောလိုက်တာ။ ကိုယ်နှမြောသလို သူတစ်ပါးလည်း အခိုးခံရသော သူတို့ပိုက်ဆံကို သူတို့နှမြောပေမှာပဲဟု သူတွေးမိလာ

သည်။ ဘယ်နည်းနဲ့ဖြစ်ဖြစ် အလွယ်တကူ ဖြတ်လမ်းနည်းဖြင့် ရယူခဲ့တာဘယ်မှာ ကောင်းနိုင်ပါ့မလဲ။

အနီရောင်လေယာဥ်ပျံတစ်စင်းကို အဲဒီနည်းဖြင့်လည်း သူမလိုချင်တော့ပါပေ။

သူကိုယ်ချင်းစာနာမိပါပြီ။

သို့သော် ခိုးဝှက်လိမ်ညာ မတရားယူခဲ့သော ငွေများအတွက် ဘိုးဘိုးပြော သလို သူငရဲကြီးမှာ သေချာပါသည်။ သူဘာလုပ်ရမလဲ။

ဤသို့နောင်တဖြင့် ပူလောင်စွာတွေးနေစဥ်မှာပင် အိမ်ပေါ်က လှမ်းခေါ်လိုက် သော ဒေါ်လေး၏စူးရှရှအသံကို ကျယ်ကျယ်လောင်လောင်ကြီး ကြားလိုက်ရပေသည်။

''ဂျစ်ကောင် လာစမ်းဒီကို''

သူကျောချမ်းသွားသည်။ ရင်ထဲစိမ့်သွားသည်။ လွတ်လမ်းရှိတော့မည်မထင် ပါ။ ပြုမှားခဲ့သမျှ လည်စင်းခံမှအပ အခြားဘာများရှိတော့မလဲ။

ကျွန်တော် မှားခဲ့ပါတယ် အန်တီလေးရယ်။

နောက်နောင် ကျွန်တော် ဘယ်တော့မှ ။

**မင်းချမ်းမွန်**

# သက်ရှိဖိနပ်ပုံပြင်

## (၁)

''သမီးစုစု မေမေပြောနေတယ်လေ။ ဒါဝိုစရာမဟုတ်ဘူး။ ဟိုလကပဲ မေမေ တစ်ရံဝယ်ပေးသေးတယ် မဟုတ်လား''

မေမေမည်သို့ပင်ပြောပြော စုစုတစ်ယောက်အငိုမရပ်။ နုနုကားစိတ်ပျက်နေမိသည်။

''ဟီး ဟီး သမီးစုဘူးထဲကဖောက်ပြီး ဝယ်မယ်လို့ပြောတုန်းကတော့ မေမေပဲ ဝယ်ဆို။ အခုတော့ မဝယ်ရတော့ဘူးတဲ့ ဟီး ဟီး ဟီး ဟီး''

ဤကလေးမတော့ ခက်ချေပြီ။ တစ်အိမ်လုံးသူ့အသံပြဲကြီးဖြင့် ဆူညံနေတော့သည်။ နုနုသည် သင်္ချာတွက်မရ ဦးနှောက်ခြောက်နေချိန်တွင် သူ့အသံမသာမယာကို ကြားရသောအခါ စိတ်ပျက်သွားသည်။ စုစုနှင့်နုနုက အသက်နှစ်နှစ်ပဲကွာသည်။ နုနုက ကိုးတန်း။ စုစုကခုနစ်တန်း။ သို့သော်စုစုသည် ကလေးဆန်လွန်းသည်။ အမှန်တော့ စုစုမှာဖိနပ်များစွာရှိသည်။ သို့သော်လည်း သူ့မှာ ဖိနပ်အမျိုးမျိုးစီးကာ ကျောင်းတက်ချင်သည်။

ဤနေ့သည် တနင်္ဂနွေနေ့ဖြစ် အိမ်၌လူစုံသည်။ လူစုံသည်ဟုဆိုသော်လည်း နုနုတို့အိမ်သားများက မများလှချေ။ ဖေဖေ၊ မေမေ၊ အန်တီလေးနှင့် နုနုတို့ညီအစ်မ ပေါင်းမှ ငါးယောက်သာရှိ၏။

စောစောကပင် မေမေဈေးသွားရာ စုစုလည်းလိုက်သွားသေးသည်။ သွားစဉ်က အကောင်း။ ပြန်လာသောအခါမှ ယခုလိုအသံထွက်လာခြင်းဖြစ်သည်။ ဖေဖေကတော့ နုနုစာကြည့်စားပွဲနှင့်မလှမ်းမကမ်းမှာ သတင်းစာဖတ်နေသည်။ စုစုအသံကြောင့် ဖေဖေ စုစုကို အကဲခတ်ကြည့်နေသည်။ စုစုကား ပါးစပ်ကလည်းပြော၊ ငိုလည်းငို ခြေထောက်နှစ်ချောင်းကိုပါ ပွတ်လိုက်သေးသည်။ နုနုမနေသာတော့။

''ဟဲ့ စုစု နင့်ကိုယ်နင် ႏုပ်ရှင်မင်းသမီး ထင်နေသလား။ ခုနစ်တန်းပဲ ရှိသေးတယ်။ ဖိနပ်ကခြောက်ရံတောင် ရှိတယ်။ ဒါလည်း မကျေနပ်နိုင်သေးဘူး။ အတန်းထဲမှာတော့ အဆင့်တစ်ရအောင် မကြိုးစားချင်ဘူး။ အားရင်ဖိနပ်ဝယ်ဖို့ပဲ စိတ်ကူးနေတယ်''

နုနုမနေနိုင် ပြောလိုက်ရာ စုစုကချက်ချင်းပင် ပက်ခနဲရန်ထောင်ပါတော့သည်။

''ဆရာမလုပ်ပါနဲ့ မင်းသမီးမှ ဖိနပ်အများကြီးစီးတာ မဟုတ်ပါဘူး။ လှလှဆို ဖိနပ်ဆယ်ရံတောင်ရှိတယ် သိရဲ့လား။ ကိုယ့်ဘာသာကိုယ်နေ ဝင်မပါနဲ့''

စုစုသည် နုနုအား ရန်တွေ့သည်။ အန်တီလေးကြား မနေသာတော့ပေ ။

''စုစု သမီး ကိုယ့်အစ်မကို ဒီလိုမပြောရဘူးလေ။ ကိုယ့်ထက်တစ်နှစ်၊ တစ်လ၊ တစ်ရက်ကြီးတဲ့သူကို ိုိုသေသေဆက်ဆံရမယ်လို့ အန်တီလေးပြောထားတယ် မဟုတ်လား။ နောက်ကို ဒီလိုမပြောရဘူးနော်။ သမီးမှာ ဖိနပ်တွေ ဒီလောက်များနေတာ တော်ပြီပေါ့။ ပွဲလမ်းသဘင်သွားတဲ့အခါ အန်တီလေးက အသစ်ဝယ်ပေးမှာပေါ့''

အန်တီလေးဝင်ပြောလေမှ စုစုခြေထောက်ပွတ်တာ ရပ်သွားသည်။ သို့တိုင် ပါးစပ်မှ တဟီးဟီးနှင့်ညည်းနေပါသည်။ ထိုအခါ သတင်းစာဖတ်နေသော ဖေဖေက ဝင်ပါရတော့သည်။

''ကဲ ကဲ သမီးစုစုရော နုနုရော ဖေဖေ့အနား လာခဲ့ကြပါဦး။ ဖေဖေသမီးတို့ကို အံ့သြစရာကောင်းတဲ့ ဖိနပ်ပုံပြင်လေးတစ်ခု ပြောပြမယ်''

ဖေဖေကပုံပြင်ဟုဆိုသောအခါ စုစုမျက်ရည်သိမ်းပြီး ဖေဖေအနားချက်ချင်း ရောက်လာသည်။ မေမေကလည်း ဖေဖေ့စကားကို မီးဖိုချောင်ထဲကချက်ပြုတ်ရင်း နားစွင့်နေသလို အန်တီလေးကလည်း မီးပူတိုက်ရင်း နားထောင်နေပါတော့သည်။

(၂)

ဖေဖေက သူ၏အတွေ့အကြုံများကို ယခုလိုအသေးစိတ်ပြောပြပါသည်။

''ဖေဖေ အခုပြောပြမှာက တကယ့်ပုံပြင်မဟုတ်ပါဘူး။ လက်တွေ့ဖြစ်ရပ်မှန် တစ်ခုပါသမီးတို့ရယ်''

ဖေဖေသည် မြို့နယ်ပညာရေးမှူးတစ်ယောက်ဖြစ် နယ်မြို့နှင့်ကျေးလက်များသို့ စစ်ဆေးရေးသွားရသည်။ ဖေဖေစစ်ဆေးရေးသွားသည့်အခါတိုင်း စာရေးကြီး ဦးကျော်တင့်လိုက်ပါလေ့ရှိသည်။ တစ်နေ့သောအခါ ရွာကလေးတစ်ရွာသို့ ဖေဖေတို့နှစ်ယောက် စစ်ဆေးရေးသွားကြသည်။ ထိုရွာလေးသည် လမ်းပန်းဆက်သွယ်ရေး မကောင်းသောကြောင့် ဖေဖေနှင့်ဦးကျော်တင့်တို့သည် လှေတစ်တန်၊ လှည်းတစ်တန် သွားခဲ့ကြရသည်။ တချို့မိန်းမများသည် အင်္ကျီမဝတ်ဘဲ ထဘီရင်လျားနေတတ်သလို ယောက်ျားများကလည်း ပုဆိုးတိုတိုဝတ်ထားကာ အင်္ကျီဗလာများနှင့် လုပ်ငန်းခွင်ဝင်နေကြသည်ကို တွေ့ရသည်။

''ဒါပေမဲ့သမီးတို့ရယ် အဲဒီလိုလူမျိုးတွေက သူတို့သားသမီးတွေကို စာတတ်စေချင်လွန်းလို့ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကျောင်းထားကြတယ်လေ။ မူလတန်းကျောင်းဆိုတော့ လေးတန်းအထိပဲ ရှိတယ်ကွဲ့။ လေးတန်းအောင်ရင်ကျောင်းဆက်မထားနိုင်တော့ဘူး။ စပါးစိုက်၊ ငါးဖမ်း၊ ကျွဲ၊ နွားကျောင်း၊ ရာသီအလိုက် ခြံစိုက်တဲ့အလုပ်တွေပဲ လုပ်ကြတော့တယ်။ ရေးတတ်၊ ဖတ်တတ်ံ နဲ့ပဲ ကျေနပ်နေကြရတယ်။ ငါးတန်းတက်ဖို့ ဆိုတာကလည်းအလယ်တန်း ကျောင်းရှိတဲ့မြို့ကျောင်းကို သွားရမှာဆိုတော့ မသွားနိုင်ကြတာလည်း ပါတာပေါ့ကွယ်။ ဒါကြောင့်မို့ ဖေဖေနဲ့အဲဒီကျောင်းက ကျောင်းအုပ်

ဆရာကြီးတို့က ရွာကလေးမှာ အလယ်တန်းကျောင်းဖြစ်လာဖို့အတွက် ကြိုးစားနေကြရတယ်လေ''

ဖေဖေက စကားအရှည်ကြီးပြောပြသည်။ အာခြောက်သွားသောဖေဖေသည် လက်ဖက်ရည်ကြမ်းတစ်ခွက် မော့သောက်သည်။ စုစုကတော့ စိတ်ဝင်စားနေပုံရသည်။ ဖေဖေက ဆက်ပြောပြပြန်သည်။

''ဖေဖေနဲ့ ဦးကျော်တင့် ကျောင်းရောက်သွားတော့ ကျောင်းအုပ်ဆရာကြီးက ပျူပျူငှာငှာ ကြိုဆိုပါတယ်။ ကျောင်းလှေခါးတက်လိုက်တာနဲ့ သန့်ရှင်းသပ်ရပ်တဲ့ စာသင်ခန်းကို တွေ့လိုက်ရတယ်။ မိဘတွေက အဝတ်အစားအပြည့်အစုံ မဝတ်နိုင်ရှာပေမယ့် သူတို့သားသမီးအားလုံးကတော့ အဝတ်အစားအပြည့်အစုံနဲ့ ကျောင်းလာတတ်ကြတယ်လေ။ အဖြူအစိမ်းကျောင်းဝတ်စုံဝတ်ထားသူတွေကတော့ နည်းနည်းပဲရှိတယ်။ အပြန်ခရီးမှာတော့ ဦးကျော်တင့် ဖေဖေ့ကိုပြောလိုက်တဲ့ စကားတစ်ခွန်းကတော့ သူ့ရင်ထဲမှာ အံ့သြပြီးမရှင်းလင်းတဲ့အရာတစ်ခု ရှိနေတာ ထုတ်ဖော်ပြောလိုက်တာပါပဲ''

''ဘာများပြောလိုက်လို့လဲဖေဖေ''

နုနုက သိချင်ဇောဖြင့် ဖေဖေ့ကို မြန်မြန်ဆန်ဆန် မေးမိသည်။

''ဦးကျော်တင့်က ပြောတယ်။ ဆရာကြီး ကျွန်တော် မရှင်းတာတစ်ခုရှိတယ်။ အဲဒါကတော့ ကျောင်းသားတွေရဲ့ဖိနပ်တွေကို တစ်ရံမှမတွေ့မိသလိုပဲ။ သူတို့ ဘယ်နေရာမှာများ သိမ်းထားကြသလဲ မသိဘူးနော်။ ဧည့်သည်လာမယ်ဆိုတာသိလို့ ဖိနပ်စင်ကလည်း မရှိဘူးဆိုတော့ မမြင်အောင် သိမ်းထားကြတာလားဆရာကြီး''

ဦးကျော်တင့်ပြောလိုက်တော့မှ ဖေဖေလည်း သတိရမိတော့သည်။ ဖေဖေထိုကျောင်းသို့ရောက်တိုင်း သတိထားမိသော်လည်း ဆရာကြီးကိုမမေးဖြစ်ခဲ့ပေ။ ဖေဖေက ရွာကလေးဆီသို့ မကြာခဏရောက်နေကျဖြစ် ရွာ၏အနေအထားကို အားလုံးသိနေပြီး ဦးကျော်တင့်ကား ဤရွာသို့ ယခုမှပထမဦးဆုံးရောက်ဖူးခြင်း ဖြစ်သည်။ သို့ဖြစ် ရွာ၏အခြေအနေများကို ကြည့်ပြီး အံ့သြနေမိသည်။ ပြီးတော့ ပြောသေးသည်။

''ကုသိုလ်ဖြစ်လိုက်တာ ဆရာကြီးရယ်''

ယခုလည်း ဖိနပ်စင်မရှိ ဖိနပ်များမမြင်အောင်ထားရှိခြင်းဖြစ်မည်ဟု တွေးမိကာ–

''ဆရာကြီး ကျွန်တော် ဖိနပ်စင်လှူချင်ပါတယ်''

ဦးကျော်တင့်သည် အဆင့်သုံးဆင့်ပါသော ဖိနပ်စင်တစ်ခု လှူပေတော့သည်။ ဖိနပ်စင်မှာလည်း အလှူရှင်ဦးကျော်တင့်နာမည်ကို သေသေချာချာရေးထိုးထားသည်။ ဖေဖေသည် အစီအစဉ်လုပ်ပြီး ဖိနပ်စင်ကို ထိုရွာကလေးရှိ ကျောင်းအုပ်ဆရာကြီးထံ

လူကြုံပါးပေးပို့လိုက်ပါသည်။

‘‘အဲဒီရွာက ကျောင်းသားတွေ ဖိနပ်စင်ရတော့ ပျော်သွားမှာပေါ့နော်ဖေဖေ’’

စုစု စိတ်ဝင်စားသွားပုံရပြီး အသံထွက်လာသည်။ ဖေဖေက ခေါင်းညိတ်ပြပြီး ဆက်ပြောပြန်သည်။

‘‘အေးပေါ့ သမီး။ ဒီလိုနဲ့ဖေဖေနဲ့ ဦးကျော်တင့်တို့နောက်တစ်ခေါက် အဲဒီကျောင်းကို ရောက်သွားတော့ ကျောင်းလှေခါးအတက်အဆင်းမှာ ဖိနပ်စင်ကိုမျှော်လင့်တကြီး ကြည့်မိတယ်။ ဒါပေမဲ့ ဖိနပ်စင်နဲ့တူတာဆိုလို့ တစ်ခုမှမတွေ့ရဘဲ ခါတိုင်းလို ပြောင်ပြောင်ရှင်းရှင်း သပ်သပ်ရပ်ရပ်ပုံစံကိုတွေ့လိုက်ရတယ်။ ဖေဖေနဲ့ ဦးကျော်တင်လည်းနောက်မှ အေးအေးဆေးဆေးမေးမယ်ဆိုပြီး ဆရာကြီးအခန်းထဲဝင်လိုက်တယ်။ အဲဒီအခါမှာတော့ ဆရာကြီးရဲ့စားပွဲဘေးမှာ အလှူရှင်ဦးကျော်တင့် နာမည်ထိုးတဲ့စာအုပ်စင်ကို ဘွားခနဲ တွေ့လိုက်ကြရတယ်’’

ထိုအခါ ဖိနပ်တင်ရန် ဖိနပ်စင်လှူထားသော်လည်း စာအုပ်စင်ဖြစ်သွားသောကြောင့် ဖေဖေနှင့်ဦးကျော်တင့်တို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။ ဆရာကြီးရိပ်မိသွားပုံရသည်။

‘‘ဆရာကြီးတို့ ဖိနပ်တင်ဖို့ ဖိနပ်စင်လှူထားတာ ကျွန်တော်သိပါတယ်။ ဖိနပ်မတင်ဘဲ စာအုပ်စင်ဖြစ်သွားတာကလည်း တင်စရာဖိနပ်တစ်ရံတောင် မရှိလို့ပါပဲ။ ကလေးတွေအားလုံး ဖိနပ်မပါဘဲ ကျောင်းတက်ကြရတာလေ။ ကျောင်းလာတဲ့အခါ ခြေထောက်နဲ့ပဲ လမ်းလျှောက်လာကြတာပါ။ ကျောင်းရောက်မှာ လှေခါးရင်းမှာထားတဲ့ ရေအိုးထဲကရေခပ်ပြီး ခြေထောက်ဆေး၊ ကျောင်းပေါ်တက်ကြတာပါခင်ဗျာ။ ဒါကြောင့် ဖိနပ်စင်မလိုမယ့်အတူတူ စာအုပ်စင်လုပ်လိုက်ရတာပါပဲ။

‘‘ဩော် ဖြစ်ရလေဗျာ’’

ဖေဖေနဲ့ ဦးကျော်တင့်သံပြိုင်ထွက်လာသော စကားသံဖြစ်သည်။ အလှူရှင်ဦးကျော်တင့်၏ရင်ထဲ၌ မည်သို့ခံစားရမည်ဆိုတာ မတွေးနိုင်သော်လည်း ဖေဖေ၏ရင်ထဲတွင် ဖိနပ်မပါဘဲ ကျောင်းလာကြသော ကလေးများကိုမြင်ယောင်မိပြီး စိတ်ထဲက ကရုဏာနှင့် နာကျင်သောဝေဒနာကို ရင်ထဲတနင့်တပိုးခံစားလိုက်ရသည်။

## (၃)

‘‘သမီးစုစု ဒီဖိနပ်ပုံပြင်လေးကို ကြားရတော့ သမီးဘယ်လိုခံစားရသလဲ။ ဖေဖေကို ပြောပြဦး’’

ဖေဖေ့အမေးဆုံးသောအခါ

‘‘အီး ဟီး ဟီး ဟီး ဟင့် ဟင့်’’

စုစုငိုက်ကြီးတငင် ငိုချလိုက်ပါသည်။ ဖေဖေနားလည်သွားပါပြီ။ ဖေဖေက

စုစုခေါင်းကလေးကိုပွတ်ပြီး

''ဘာဖြစ်လို့ငိုတာလဲသမီး''

စုစုက ငိုရင်းဖြင့်ပြန်ဖြေပါသည်။

''သနားလို့''

''မငိုပါနဲ့သမီးရယ်။ လောကမှာ ဒီလိုအဖြစ်မျိုးတွေ ရှိတတ်တယ်ကွဲ့။ သူတို့ ခမျာ စာသင်ချင်လွန်းလို့ ဖိနပ်မရှိလည်း ကျောင်းကိုရောက်အောင်လာတတ်ကြတယ်။ အခုသမီးမှာ ဖိနပ်တွေအများကြီးလေ။ စီးလို့တောင် မကုန်ဘူး။ ဒါတောင်အားမရနိုင်ဘဲ စုဘူးဖောက်ပြီးဖိနပ်ဝယ်ဖို့ လုပ်နေသေးတယ်မဟုတ်လား။ အဲဒီဖိနပ်မရှိတဲ့ ကလေးတွေကို သမီးကိုယ်ချင်းစာပီး ဖိနပ်မလှူချင်ဘူးလား''

ဖေဖေ့အမေးကို စုစုကအငိုရပ်ပြီး ချက်ချင်းပြန်ဖြေပါသည်။

''လှူမယ် လှူမယ် ဖေဖေ။ ဒီတစ်ခါ ဖေဖေ့အဲဒီကျောင်းသွားရင် သမီး ထည့်ပေးလိုက်မယ်။ သူတို့အကြောင်းကြားရတာ သမီးသိပ်သနားတာပဲ။ ကျောက်ခဲတွေ၊ ရွှံ့တွေအကြားမှာ သူတို့ဖိနပ်မပါဘဲ ကျောင်းတက်ရတာ ခြေထောက်တွေ နာနေမှာပေါ့နော်။ သမီးမှာတော့ ဖိနပ်တွေအများကြီးရှိတယ်။ တော်ပြီ တော်ပြီ။ နောက်ဆိုဖိနပ် အများကြီးမဝယ်တော့ဘူး။ သမီးဖိနပ်ဝယ်မယ့်အစား သူတို့ကိုပဲ ဖိနပ် အများကြီးလှူတော့မယ်။

မိုးတိမ်များ အုံ့မှိုင်းနေရာမှ ချက်ချင်းပင် ကြည်လင်တောက်ပသောနေမင်းကြီး ထွက်ပေါ်လာသည့်ပမာ စုစုတစ်ယောက် ကြည်လင်ပြတ်သားသည့် အမြင်ဖြင့် ကိုယ်ချင်းစာနာတတ်သောစိတ် ဖြစ်ပေါ်လာခဲ့လေပြီ။

နုနုစိတ်ထဲတွင်လည်း ဖေဖေပြောပြသော ကျေးရွာကလေးဆီက ကျောင်းသား၊ ကျောင်းသူများကို မျက်စိထဲမြင်ယောင်လာပြီး စာနာသနားနေမိသည်။ နုနုလည်း မုန့်ဖိုးထဲက တစ်ဝက်ကို စုပြီး စုစုနှင့်အတူ ဖိနပ်လှူဖို့ဆုံးဖြတ်လိုက်ပါတော့သည်။

**မေဇွန်အေး**

# ဘဲလေးတစ်ကောင်

ကျွန်မမှာ ကစားဖော်ကစားဖက်များထဲတွင် ယောကျ်ားလေးသူငယ်ချင်း ငါး ယောက်ရှိပါသည်။ သံပေတိုး၊ စိန်ကြီးမောင်၊ ဖော်လေး၊ ငကိုးနှင့် ဖိုးသကြားတို့ဖြစ်၏။ သူတို့သည် တစ်လမ်းတည်း အတူနေထိုင်ကြပြီး အိမ်နီးနားချင်းများလည်းဖြစ်ကြလေ၏။

ဖိုးသကြားကို သူ့မိဘက အမွေးစုတ်ဖွား ခွေးဖြူလေးတစ်ကောင်ဝယ်ပေးသဖြင့် ကျွန်မတို့နှင့်အတူ ဆော့ကစားကြသည်။ တစ်နေ့လမ်းထဲမှ ဘကြီးဖြိုးက သူတောင်း အေ့စ်ကားကြီးနှင့် သံပေတိုး၊ စိန်ကြီးမောင်၊ ဖော်လေး၊ ငကိုးတို့ကို မှော်ဘီမြို့ရှိ သူ၏ စိုက်ပျိုးရေးခြံသို့ အပျော်ခေါ်သွား၏။ ထိုနေ့ ကျောင်းပိတ်ရက် ညနေပြန်လာသော အခါ သံပေတိုးတို့ အဖွဲ့သည် ဘဲထီးဘဲမတစ်စုံ၊ ကြက်ဖ ကြက်မတစ်စုံလက်ဆောင် ရလာကြသည်။ မိသားစုတွေ ချက်ပြုတ်စားရန် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ၊ ကြက်ဥ ဘဲဥများလည်း ပါလာကြသည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကို ဘကြီးဖြိုး၏သား မိသားစုလုပ်ကိုင် အောင်မြင် နေပုံကို သံပေတိုးတို့အဖွဲ့က တွေ့မြင်ရပြီး အားကျပျော်ရွှင်နေကြသည်။ ရန်ကုန်မြို့ ရပ်ကွက်ထဲ အိမ်ပြန်ရောက်ကြလျှင် ကျွမနှင့်ဖိုးသကြားအား အလုအယက်ပျော်ခဲ့ကြပုံ ကို ပြောပြကြလေသည်။

ဘဲတစ်စုံ၊ ကြက်တစ်စုံလက်ဆောင်ရလာကြသဖြင့် ဤလေးကောင်ကို ကျွန်မ တို့သည် အိမ်၏နောက်ဖေးရှိ ရေအိုင်လေး၏ကုန်းစပ်တွင် မွေးမြူကြရန် တိုင်ပင်မိကြ၏။ သံပေတိုးတို့ ယောကျ်ားလေးငါးယောက်မှာ ဒူးဆစ်မြုပ်လောက်ရှိသော ရေအိုင်လေး ထဲဆင်းပြီး ဗေဒါပင်များ ရေမှော်ပင်များကို ဓားဖြင့်ခုတ်ပိုင်းပြီး ကုန်းပေါ်တင် အိုင် ဆယ်ကြလေ၏။ ထို့နောက် ဘဲခြံ၊ ကြက်ခြံဆောက်လုပ်ကြ၏။ ဖိုးသကြား၏ ခွေးဖြူ လေးနေဖို့ အကူခွေးခြံလေးလုပ်ထားသည်။

နံနက်ခင်း ကျွန်မတို့အားလုံး ကျောင်းသွားကြစဉ် ဘဲစာ၊ ကြက်စာ၊ ခွေးစာကို ခွက်နှင့်ထည့်ပြီး ကျွေးထားခဲ့ကြ၏။ ခွေးဖြူလေးက ခြံနှစ်ခြံကို စောင့်ရှောက်ပေး၏။ နေ့ခင်းကျောင်းဆင်း ပြန်ရောက်ကြလျှင် အားလုံးမိမိတို့၏ အိမ်အသီးသီးမှဆန်များ၊ ပဲစေ့များ၊ ထမင်းကြမ်းခဲများ ယူဆောင်လာကြပြီး ကျွေးကြရသည်မှာ ပျော်စရာကောင်း လှပါသည်။

ကျွန်မတို့၏ မွေးမြူရေးခြံကို တခြားသူငယ်ချင်းသာမက မိဘများပင် သဘော ကျ အားပေး၏။ ကြက်များကလည်း အချိန်မှန်မှန် တွန်သံပေးသလို ဘဲများကလည်း ရေအိုင်ထဲတွင် တဂတ်ဂတ်နှင့် ကျွမ်းထိုးရေကူးပျော်နေကြသည်။

မကြာမီ ကြက်ခြံအိမ်ထဲတွင် ကြက်မကြီးကလည်း ကောက်ိုးခင်းပေါ်တွင်

ကြက်ဥများ အချသလို ဘဲမကြီးကလည်း မြေကြီးပေါ်တွင် ဘဲဥများ ဥချထားလေ၏။

''ဟော့ ဒီမှာကွ ကြက်ဥတွေ ဟီး ဟီး''

''ဟိုရေအိုင်နားမှာ ဘဲဥမဟုတ်လား ဟီး ဟီး''

ကျွန်မတို့ အားလုံး မွေးမြူရေးခြံထဲတွင် ဝမ်းသာပြီး ကြက်ဥများ ဘဲဥများကို တစ်ယောက်တစ်လှည့်စီ ကိုင်ကြည့်လျက် ပျော်နေကြမိသည်။

''ဒီဥတွေ ငါတို့ဘာလုပ်ကြမလဲ''

ဖိုးသကြားကမေး၏။

''ပြုတ်စားမယ်၊ ကြော်စားမယ်ကွာ''

သံပေတိုးက ပြော၏။

''တို့ရဲ့ မွေးမြူရေးအောင်ပွဲခံအဖြစ် စားပစ်မယ်''

စိန်ကြီးမောင်က ထောက်ခံ၏။

''ငါကတော့ မစားဘဲ ဈေးထဲသွားရောင်းမယ်ကွာ၊ ပိုက်ဆံအရေးတကြီးလိုနေတယ်''

''ဇော်လေးပြောတာ ငါသဘောကျတယ်။ ရောင်းလို့ရတဲ့ငွေနဲ့ တို့ရဲ့ခြံတွေကို လုံခြုံအောင် ပစ ည်းတွေဝယ်ရမယ်လေ''

ငှက်ိုးကထောက်ခံပြန်၏။

''ဟော့ကောင်တွေ ရောင်းစားဖို့မွေးတာ မဟုတ်ဘူး။ ကြက်ဥ ဘဲဥစားဖို့ကွ စားမယ်''

သံပေတိုးနှင့် စိန်ကြီးမောင်က မရောင်းချင်။ ဇော်လေးနှင့် ငှက်ိုးက ရောင်းချင်၏။ ဤတွင်စကားများပြီး အုပ်စုနှစ်စုကွဲစပြုလာတော့သည်။

''နင်တို့ကလည်း ရန်မဖြစ်ကြပါနဲ့ဟယ်။ ငါအကြံပေးမယ်။ ကိုင်း ဒီလိုလုပ် တချို့ကိုရောင်း တချို့ကိုစား''

''ပန်းအိပြောတာ ကောင်းတယ်ကွာ။ ဘယ်ဘက်မှ မလိုက်ဘူး'' ဖိုးသကြားက ထောက်ခံသည်။

''ပြတ်ပြတ်သားသားပဲကောင်းတယ်။ လုံးဝမရောင်းဘူး အကုန်စားပစ်မယ်''

သံပေတိုးနှင့် စိန်ကြီးမောင်က တစ်ဖက်၊ ဇော်လေးနှင့် ငှက်ိုးကတစ်ဖက် မသင့်မြတ်ဘဲ အုပ်စုကွဲ ထွက်သွားကြလေပြီ။

''ဒီကြက်တစ်စုံ ဘဲတစ်စုံဟာ တို့လေးယောက်ပိုင်ဖြစ်တယ်။ အခုမင်းတို့နဲ့ တွဲပြီး မမွေးဘူး။ ပစ ည်းခွဲမယ်။ မင်းတို့ကြက်တစ်စုံ ယူမလား၊ ဘဲတစ်စုံယူမလား။ ကြိုက်တာယူ ဇော်လေးက ခွဲခြမ်းလိုက်၏။

''ဘဲယူမယ်''

သံပေတိုးနှင့် စိန်ကြီးမောင်က ဘဲထီးဘဲမကို အပြီးအပိုင်ယူလိုက်ပြီး ရေမြောင်းစပ်နားတွင် သီးခြားဘဲခြံကို ရွှေ့ပြောင်းယူသွားကြလေတော့၏။

(၂)

ကျွန်မနှင့် ဖိုးသကြားတို့ နှစ်ဦးမှာ မည်သူ့ဘက်မှ မလိုက်ပါဘဲ တစ်နေ့ပြန်ခေါ်ကြရန် နှစ်ဖက်စလုံးကို ကြံ့သလိုပင် ဝင်ရောက်ကူညီပေးကြလေ၏။

''သံပေတိုး နင်တို့ဘဲဥတွေ ဥပေးတိုင်း အကုန်စားပစ်နေတော့ ဘဲမကြီး လင်မယားကို ငါသနားမိတယ်။ သူတို့လည်း နင့်မိဘတွေလို သားသမီးလေးတွေကို ချစ်ပြီးပျော်နေချင်တာပေါ့ဟယ်။ တချို့ဘဲဥတွေကို ဘဲကောင်လေးတွေ ဖောက်ပါလား။ ဘဲကောင်လေးတွေများလာတော့ နင်တို့ပျော်စရာ ပိုကောင်းတာပေါ့ဟယ်''

''အေး ဟုတ်တယ်ကွ ငတိုး''

စိန်ကြီးမောင်ကလည်း သဘောကျသွား၏။ သံပေတိုး လက်ခံလိုက်သဖြင့် ကျွန်မသည် ဇော်လေးနှင့်ငှက်ိုးကိုလည်း ပြောပြ၏။

''ကြက်ဥတွေ အကုန်မရောင်းဘဲ တချို့ ဥတွေကို ကြက်ကောင်လေးတွေ ဖောက်ပါလား။ ကြက်မကြီးလင်မယားလည်း နင်တို့မိဘတွေလို သားသမီးတွေနဲ့ ပျော်ရွှင်ချင်မှာပေါ့ဟယ်''

ကျွန်မအကြံပေးသည့်အတိုင်း နှစ်ဖက်စလုံး ဘဲဥကို ဘဲကောင်လေးများ ဖောက်သလို ကြက်ဥကိုလည်း ကြက်မကြီးက ဝပ်ပေးပြီးကြက်ကောင်လေးများ ဖောက်ကြလေသည်။ မကြာမီ အလွန်ချစ်စရာကောင်းသော ဘဲပေါက်စလေးများ ကြက်ပေါက်စလေးများ မွေးဖွားလာကြပြီး အော်သံလေးများ ဆူညံလာသလို ပေတိုးနှင့် ဇော်လေးတို့ နှစ်ဖွဲ့မှာလည်း ပျော်နေကြတော့၏။

''ကြည့်စမ်း ကြက်မကြီးက ဗိုက်အောက်မှာ ဥတွေကိုဝပ်ဝပ်ပေးရင်းနဲ့ အကောင်လေးတွေ ဥထဲကထွက်လာကြတာ အံ့ဩစရာကောင်းတယ်နော်''

ဖိုးသကြားက သူ့ခွေးဖြူလေးကို ရင်ခွင်ပွေ့ချီထားရင်း ကျွန်မကိုပြောလိုက်၏။ စပ်စုတတ်သူပင်။

(၃)

ပထမအကြိမ် နှစ်ဖက်စလုံး ဘဲဥ၊ ကြက်ဥသားဖောက်ကြရာ အောင်မြင်ကြ၏။ ဘဲကောင်လေးများနှင့် ကြက်ကောင်လေးများ၏ အော်သံနှင့် ဆူညံ နေ၏။ သံပေတိုး၊ စိန်ကြီးမောင်နှင့် ဇော်လေး၊ ငှက်ိုးတို့အားတက် နောက်ထပ်အကောင် ဖောက်ပြီး အကောင်အရေအတွက် ပြိုင်ဆိုင်လာကြတော့၏။

ဒုတိယအကြိမ် ဘဲမကြီးနှင့် ကြက်မကြီးမှ အကောင်ငယ်များ၊ အောင်မြင်စွာ ပေါက်လာကြပြန်၏။ ဥအသီးသီးမှ ထွက်လာကြလေပြီ၊ ဤအကြိမ်တွင် ထူးထူးဆန်း

ဆန်း ကြက်မကြီးဝပ်သော ဥတစ်လုံးမှ ကြက်ကောင်လေးထွက်မလာဘဲ ဘဲကောင်ပေါက်စလေးတစ်ကောင် ထွက်လာ၏။

''ဟာ ငါတို့ကြက်မကြီးက ကြက်ကောင်လေးတွေမကဘူး။ ဘဲကောင်တစ်ကောင် မွေးပေးတယ်ကွ ဟား ဟား ပွတာပဲ''

ဇော်လေးနှင့် ငှက်ိုးတို့ ဘဲပေါက်စလေးကိုကိုင်လျက် ဝမ်းသာနေ၏။ ဘဲလေးမှာ ကြက်လေးများနှင့် ရောနှောနေထိုင်၏။ ဤသတင်းကို သံပေတိုးကြားလျှင် ဇော်လေးထံ လာကြ၏။

''ဟေ့ကောင် ငါ့ဘဲပေါက်စကို မင်းတို့ဘာလို့ ခိုးယူထားလဲ။ ငါတို့ ဘဲလေးကို ချက်ချင်းပြန်ပေး''

''မင်းတို့ ဘဲပေါက်စငါမယူဘူး။ အရမ်းမစွပ်စွဲနဲ့ကွ၊ ငါ့ကြက်မကြီးကိုယ်တိုင် ကြက်ဥကို ဝပ်ပေးရင်း ဒီဘဲလေးထွက်လာတာ''

''မယုံဘူး ငါ့ဘဲကို ပြန်ယူသွားမယ်''

သံပေတိုးက ဘဲပေါက်စကို ခြံထဲဝင် အတင်းဖမ်းယူစဉ် ကြက်မကြီးက သူ့သားကို အယူမခံဘဲ ဖင်ကိုနှုတ်သီးနှင့် လိုက်လံဆိတ်လေ၏။ ကျွန်မတို့အားလုံး အံ့အားသင့်ကြ၏။ သံပေတိုးက အတင်းဖမ်းယူပြီး ဘဲလေးကို သူ့ခြံထဲသို့သွင်းလိုက်ရာ ဇော်လေးနှင့် ငှက်ိုးက တုတ်ဆွဲပြီး .

''ဒီကောင်ကို ငါတို့သွားိုက်မယ်အိုး''

ကျွန်မနှင့်ဖိုးသကြားတို့က လက်ဖမ်းဆွဲပြီး ရန်မဖြစ်ရန် တားကြရလေ၏။ ထိုစဉ် သံပေတိုး၏ဘဲခြံထဲမှ နေ ဘဲလေးသည် သားပျောက်ရှာပြီး အော်နေသော ကြက်မကြီး၏ အသံကြောင့် ချက်ချင်းထွက်ပြေးပြီး လာလေ၏။ ကြက်မကြီးက သူ့သား ဘဲလေးကို တောင်ပံနှစ်ဖက်အုပ်ပြီး ဝပ်ထားပေးနေသည်ကို အားလုံးက အံ့သြစွာ ငေးကြည့်နေမိကြတော့သည်။

''ဒီဘဲလေးကို ကြက်မကြီးက သူ့သားသမီးအရင်းလို့ ချစ်နေတယ်ကွာ။ ဘဲလေးကလည်း သူ့အမေအရင်းလိုပဲ ချစ်နေပြီကွာ။ အခု ဒီကိစ ကို ငါဖွင့်ပြောပြ ပါတော့မယ်။ မင်းတို့စိတ်ဆိုးရင်လည်း ငါခံပါမယ် ဒီလို''

ဖိုးသကြားက ဘဲဥခြံထဲမှ ဥပြီးစ ဘဲဥတစ်လုံးကိုခိုးပြီး ကြက်ခြံထဲမှာ ကြက်မကြီးဝပ်ပေးနေသော ကြက်ဥများနှင့် ရောနှော ထည့်ပေးထားခဲ့လေသည်။ နောက်ဆုံး၌ ကြက်မကြီးဝပ် ဘဲဥပေါက်ပြီး ဘဲကောင်လေးထွက်လာခြင်းဖြစ်၏။

''အမျိုးမတူတဲ့ ဘဲကလေးအကြောင်းနင်တို့သိရလို့ ဒေါသဖြစ်နေကြသလား။ ဘာမှဖြစ်စရာမလိုဘူး။ တိရစ္ဆာန်တောင်မျိုးမတူပေမယ့် မေတ ၁ထားနိုင်ကြပြီး ချစ်ခင်နေကြတယ်။ နင်တို့ဟာ သူငယ်ချင်းတွေပဲ နှစ်ဖက်စလုံး မမုန်းကြတော့ဘဲ အရင်တုန်း

ကလို ငါတို့ခြောက်ယောက် ပျော်ပျော်ရွှင်ရွှင် နေကြပါတော့ဟယ်''

ကျွန်မက ပြောလိုက်ရာ ဘဲသမားသံပေတိုး၊ စိန်ကြီးမောင်နှင့် ကြက်သမား ဖော်လေး၊ ငှက်ပိုးတို့ အမြင်မှန်ရလာကြ၏။

''အေးကွာ ငါတို့အတူပေါင်းပြီး မွေးကြပါတော့မယ်''

ကျွန်မတို့ သူငယ်ချင်းအားလုံး ဖိုးသကြား၏နောက်ပြောင်လိုက်ခဲ့သော ဘဲ ကလေးတစ်ကောင်ကြောင့် လက်တွေ့အသိအမြင် မေတ္တာ၏သင်ခန်းစာကို ရလိုက် ကြလေပြီ။

ထိုအချိန်မှစ ကျွန်မတို့အားလုံးသည် သူ့ဘဲကိုယ့်ကြက် မရှိကြတော့ဘဲ ဝမ်းသာလာသည်။ ပျော်ကြပြီ။ ဘဲလေးကို ဝိုင်းနမ်းကြလေတော့၏။

**တက္ကသိုလ် မောင်အောင်ဆွေ**